ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ (23-8-2015) (၈၃၀၁)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့နှင့် တမူးမြို့များအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည့်ဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဒေါက်တာ သန်းအောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလေး-တမူးလမ်း ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ရေတိုက်စားမှုကြောင့်ပျက်စီးခဲ့သည့် ခမ်းပါတ်တံတားအား ယာယီရေနိမ့်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တမူးမြို့ ဘုတ်ကန်ကျေးရွာ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားစဉ်။ (ပြန်/ဆက်)

**ပြည်သူတွေကို မယုံကြည်ဘူးလား . . .** စာမျက်နှာ » ၆

**မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်လျက်ရှိသည့် PACE အဖွဲ့မှပြောသည့် ရွေးကောက်ပွဲကာလအတွင်း ကြုံတွေ့နိုင်သည့်အခက်အခဲများ** စာမျက်နှာ » ၁၁



**ကြေးမုံစာတည်းရှုထောင့် ၂၃-၈-၂၀၁၅၊ တနင်္ဂနွေနေ့**

# ကိုယ်ကျင့်တရားနှင့် ဘေးကင်းခြင်း

မြန်မာနိုင်ငံသည် ရှေးအတိတ်ကာလကတည်းက ယဉ်ကျေးသောနိုင်ငံဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး မိဘ၊ ဆရာသမားများ၏ အဆုံးအမနှင့်အညီ ကျင့်ကြံနေထိုင်သော နိုင်ငံဖြစ်သည်။ လူလူချင်း စာနာထောက်ထားပြီး မေတ္တာတရားဖြင့်နေထိုင်သော နိုင်ငံဖြစ်သည်။

ယင်းမှာ ရှေးရှေးကာလကဖြစ်သည်။ မျက်မှောက်ကာလတွင် ခေတ်ရေစီးကြောင်းပြောင်းလဲလာမှု၊ ခေတ်ရေစီးကြောင်းနှင့်လိုက်ပါစီးမျောမှုတို့ကြောင့်ဟုဆိုရမည့် ရှေးရှေးကအစဉ်အလာများ တဖြည်းဖြည်း ပါးလျားလာပြီးနောက် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်လာသည်။ ပြည်သူ့နီတိဟုခေါ်ဆိုသော လူမှုကျင့်ဝတ်၊ နှုန်းစံများမှာ နယ်ပယ်ဝန်းကျင်အလိုက် ဖောက်ဖျက်လာပြီဟု ဆိုရမည်။

ထိုသို့ဖြစ်ပျက်မှုများကို ခေတ်စနစ်ကြောင့်ဟု မဆိုချင်သော်လည်း လွတ်လပ်မှုနှင့် အပြောင်းအလဲများကြောင့် ပွတ်တိုက်မှုများရှိလာသည်ဟု ဆိုချင်သည်။ တစ်ချိန်သောကာလက ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ တင်းကျပ်မှုများရှိခဲ့သော်လည်း ဖြေလျှော့မှုများရှိလာသောအခါ အကျင့်ပျက်မှုများမှာ ထိုးဖောက်ဝင်ရောက်လာသည်။ ပွတ်တိုက်မှုများတွင် လူငယ်လူရွယ်များအတွက် ထိရှမှုလွယ်ကူသည်။

မြန်မာလူမျိုးများမှာ အရှက်အကြောက်ရှိသူများဖြစ်သည်။ အရှက်၊ အကြောက်ကို ဖောက်ဖျက်သောအခါ ကိုယ်ကျင့်တရားပျက်စီးမှု ဖြစ်လာသည်။ အကျင့်ပျက်ခြင်း၊ တရားပျက်ခြင်းကို ရှက်ရမှန်းမသိ၊ ကြောက်ရမှန်းမသိ၊ ထိန်းသိမ်းအပ်သောအရာမှန်းမသိ ဖြစ်လာသောအခါ လောကတရားများပျက်၍ ဘေးအသွယ်သွယ် ကျရောက်လာသည်ဟု ဆိုနိုင်သည်။

မြတ်စွာဘုရားရှင်ဟောကြားခဲ့သော ပလောကသုတ်၊ စက္ကဝတ္တိသုတ်တွင် "နောင်သောအခါ လူ့လောက၌ မတရားစီးပွားရှာဖွေမှု ဝိသမလောဘ၊ လိင်တူဆက်ဆံမှု မိစ္ဆာဓမ္မပရေတ၊ အိမ်ထောင်ရေးအကျင့်ပျက်မှုနှင့် မပြစ်မှားသင့်သောသူများအပေါ် ရာဂစိတ်ဖြင့်ပြစ်မှားမှု အဓမ္မရာဂတို့ထွန်းကားလိမ့်မည်"ဟု ဟောကြားထားသည်။ ထိုတရားဆိုးများကြောင့် လူ့လောက၌ သေကျေပျက်စီးခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါဆိုးများဖြစ်ပွားခြင်းတို့ ပေါ်ပေါက်လိမ့်မည်ဟုလည်း အဖြေထုတ်ထားသည်။

ယနေ့ခေတ်ကာလတွင် ဤတရားဆိုးများ အဘယ်ကြောင့် ကြီးထွားလာရသနည်း၊ ဤတရားဆိုးများကို အဘယ်ကြောင့် မထိန်းနိုင်၊ မသိမ်းနိုင်ဖြစ်လာရသနည်းဟု အဖြေထုတ်ကြည့်မည်ဆိုပါက အရှက်၊ အကြောက်မဲ့သော ဟီရိဩတ္တပ္ပတရား ကင်းမဲ့လာသောကြောင့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

သတ္တဝါများ ပျက်စီးဖို့အချိန်တန်လာသောအခါ နည်းဆိုး၊ နည်းမှားများသည် နည်းမှန်ဟန်ဆောင်ပြီး စိတ်တွင်ထင်လာတတ်သည်။ တကယ်တမ်းတွင် လူသည်ပျက်စီးဖို့ အချိန်တန်လာလျှင် မည်သည့်နည်းနှင့်မျှ ကာကွယ်၍ မရနိုင်တော့ပါဟု ဝဇီရဗုဒ္ဓိဋီကာတွင် ဖော်ပြထားသည်။

ထို့ကြောင့် ပျက်စီးခြင်းလမ်းသို့ ရောက်နေကြသည်ကို မကြာခဏ မြင်တွေ့နေရသည်။ ကယ်တင်မရသူများမှာ မိမိပြုသည့်ဒဏ် မိမိသာခံကြရမည်ဖြစ်သလို ပျက်စီးခြင်းလမ်းသို့မရောက်သေးသော အမျိုးကောင်းသားသမီးများကိုလည်း ပျက်စီးခြင်းတွင် မပါဝင်နိုင်အောင် တရားဓမ္မဖြင့် လမ်းပြခြင်း၊ ဝိုင်းဝန်းတည့်မတ်ထိန်းကျောင်းပေးခြင်း၊ ကျူးလွန်ဖြစ်အောင် ဖော်ဆောင်ပေးနိုင်သော တွန်းအားများကို ဖယ်ရှားပစ်ခြင်း စသည်ဖြင့် မိမိတို့အမျိုးကို မိမိတို့ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ဤမြန်မာ့မြေတွင် ကြီးပြင်းခဲ့ကြသော မိမိတို့မိဘဘိုးဘွားများသည် ကောင်းမွန်သောကိုယ်ကျင့်တရားများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသူများဖြစ်သည်။ ဤမြေတွင် ဆက်လက်ရှင်သန်နေသော မိမိတို့သည်လည်း မိမိတို့ဘိုးဘွားအမွေကို မဖျက်ဆီးဘဲ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သင့်သည်။ မည်သူတရားပျက်ပျက် မိမိမပျက်အောင် နေထိုင်သင့်သည်။ ကျင့်ကြံသင့်သည်။

လွတ်လပ်မှုကိုအကြောင်းပြု၍၊ ပြောင်းလဲမှုကိုအကြောင်းပြု၍၊ လူ့အခွင့်အရေးကိုအကြောင်းပြု၍ မိမိတို့၏ထုံးတမ်းစဉ်လာပါ ကိုယ်ကျင့်တရားများကို မဖျက်ဆီးမိဖို့လိုမည်။ ဖျက်ဆီးသူကိုလည်း တားဆီးဖို့လိုမည်။ သို့မှသာ ဘေးဒုက္ခကင်းဝေးသည့် ယဉ်ကျေးသောနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သည်။ ။

## ရန်ကုန်မြို့တွင် ယာဉ်မရပ်ရလမ်းပေါင်း ၁၀၄ လမ်းအထိ သတ်မှတ်ထား

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန်အတွက် ယာဉ်သွားလမ်းမကြီးများပေါ်တွင် ယာဉ်ရပ်တန့်ထားခြင်းမပြုရ လမ်းပေါင်း ၁၀၄ လမ်းအထိ သတ်မှတ်ထားပြီး အဆိုပါလမ်းမကြီးများပေါ်တွင် စည်းကမ်းမဲ့ရပ်တန့်ထားမှုကြောင့် ယခုနှစ်အတွင်း ဖမ်းဆီးအရေးယူမှုမှာ ယာဉ်အစီးရေ ၉၀၀၀ ကျော် ရှိကြောင်း သတင်းရရှိသည်။

ယာဉ်အသွားအလာများပြားသော လမ်းမကြီးများပေါ်တွင် ယာဉ်ရပ်တန့်ထားမှုများကို ပူးပေါင်းစစ်ဆေးရေးအဖွဲ့လေးဖွဲ့ဖြင့် နေ့စဉ်လှည့်လည်စစ်ဆေးအရေးယူလျက်ရှိသည်ဟု သိရသည်။ ယာဉ်မရပ်ရလမ်းများ သတ်မှတ်အရေးယူခဲ့ရာတွင် လက်ရှိအချိန်တွင် လမ်းပေါင်း ၁၀၄ လမ်းအထိ ယာဉ်မရပ်ရအဖြစ် သတ်မှတ်ထားပြီး အရေးယူမှုတွင် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၁ ရက်အထိ စာရင်းများအရ ယာဉ်အစီးရေ ၉၀၈၁ စီး ဖမ်းဆီးအရေးယူခဲ့သည်ဟု ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး စတုတ္ထနေ့တွင် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းမှုအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက မဟာရန်ကုန်မြို့လယ်၊ မြို့နယ်များတွင် စကြံလမ်းအစွန်း လျှောစောက်ထိပ်နေရာများတွင် ယာဉ်များရပ်နားခြင်း၊ ကန့်သတ်လမ်းနယ်၌ ယာဉ်နှစ်ထပ်ရပ်ခြင်းများကို ထိရောက်စွာ ရှင်းလင်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးခွန်းအပေါ် အစိုးရအဖွဲ့ တာဝန်ရှိသူက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မရပ်ရလမ်းပေါင်း ၁၀၄ လမ်းအထိ သတ်မှတ်ထားပြီးတော့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ပူးပေါင်းအဖွဲ့လေးဖွဲ့နဲ့ နေ့စဉ် စစ်ဆေးအရေးယူနေပါတယ်။ ယာဉ်ပိုင်ရှင်ရှိရင် စည်ပင်ချလန်ဖြတ်အရေးယူပြီး ပိုင်ရှင်မရှိရင် ကရိန်းယာဉ်နဲ့ ဖမ်းဆီးအရေးယူနေပါတယ်" ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့ရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိရာတွင် လမ်းမကြီးများပေါ်တွင် အချိန်ကြာမြင့်စွာ စည်းကမ်းမဲ့ ယာဉ်ရပ်တန့်ထားမှုများကြောင့်လည်း ဖြစ်ပေါ်နေပြီး ယင်းအပေါ် စစ်ဆေးအရေးယူမှုများအဖြစ် ယာဉ်မရပ်ရလမ်းအဖြစ်သတ်မှတ်ကာ ချလန်ဖြတ်အရေးယူခြင်း၊ ကရိန်းယာဉ်ဖြင့် ဖမ်းဆီးသယ်ဆောင်ကာ အရေးယူခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

"မရပ်ရလမ်းမှာ ရပ်ထားတာကို အရေးယူတာတော့ ကောင်းပါတယ်။ မလိုလားအပ်ဘဲ လမ်းပိတ်စေပါတယ်။ ဒါပေမယ့် ယာဉ်အသွားအလာနည်းတဲ့ လမ်းတွေမှာ အရေးယူတာထက် စာရင် ယာဉ်အသွားအလာများပြီး မလိုလားအပ်ဘဲ လမ်းပိတ်စေတဲ့ ယာဉ်ရပ်တန့်မှုတွေကို သေသေချာချာလေး အရေးယူသင့်ပါတယ်။ ရန်ကုန်မှာ အဓိကဖြစ်နေတာက လမ်းမပိတ်သင့်ဘဲ ပိတ်နေတာတွေကများတယ်။ အရေးယူတာလည်း ယူပေါ့။ လမ်းရှင်းတဲ့အပိုင်းကို ယာဉ်ထိန်းတွေက အင်အားတိုးမြှင့်ဆောင်ရွက်မယ်ဆိုရင် ပိုထိရောက်မယ်ထင်တယ်။ မီးပွိုင့်တစ်ပွိုင့်မှာပဲ ကားတွေ အချိန်ကြာကြာဖြစ်မနေစေဘဲ ခပ်မြန်မြန်သွားနိုင်ဖို့ အဓိကလုပ်ဆောင်ရင် ယာဉ်ကြောပိတ်ဆို့တာတွေ ပြေလျော့နိုင်မယ်ထင်ပါတယ်" ဟု ရန်ကုန်မြို့ခံတစ်ဦးက သုံးသပ်သည်။ **(၀၀၁)**



## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

## မြန်မာနိုင်ငံရွေးကောက်ပွဲသို့ စောင့်ကြည့်လေ့လာသူများစေလွှတ်ရန် ဥရောပသမဂ္ဂသဘောတူညီ

**နေပြည်တော် ဩဂုတ် ၂၂**

လာမည့် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် မြန်မာနိုင်ငံရွေးကောက်ပွဲသို့ စောင့်ကြည့်လေ့လာရန်အတွက် ဥရောပသမဂ္ဂအနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ စေလွှတ်ပေးရန် သဘောတူညီခဲ့ကြောင်း ဩဂုတ် ၂၁ ရက်က ဥရောပသမဂ္ဂမှ ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံသို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ စေလွှတ်ရေးနှင့် ပတ်သက်၍ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့သည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးထားပြီးလည်း ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန်နှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများမှ သံတမန်များနှင့် ကနေဒါ၊ ဆွစ်ဇာလန်၊ နော်ဝေ စသည့်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၁၀၀ ကျော်တို့ပါဝင်မည်ဖြစ်သည်။

ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒရေးရာ အကြီးအကဲ ဖက်ဒါရီကာ မိုဂီရီနီအနေဖြင့် မြန်မာနိုင်ငံသို့ စေလွှတ်မည့် ဥရောပသမဂ္ဂ၏ စောင့်ကြည့်လေ့လာသူများအဖွဲ့ခေါင်းဆောင်တစ်ဦးကို မကြာမီခန့်အပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ ဥရောပသမဂ္ဂရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၈ ရက်မတိုင်မီ တစ်ပတ်အလိုတွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဟုလည်း မျှော်လင့်ထားကြောင်း သိရသည်။ ယင်းဥရောပသမဂ္ဂရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲဖြစ်စဉ်ပြီးဆုံးသည့်တိုင်အောင် မြန်မာနိုင်ငံ၌ ရှိနေမည်ဖြစ်သည်။

ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီ ၉၃ ခုမှ ကိုယ်စားလှယ်လောင်း စုစုပေါင်း ၅၈၀၀ ကျော်ရှိကြောင်းနှင့် လက်ရှိတွင် ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ထားသူဦးရေ ၆၀၀၀ ကျော်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။ **(နိုင်လင်းကြည်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

**☆ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ခမ်းပါတ်မြို့ အမှတ်(၁)ရပ်ကွက်၌ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ကနန်တံတား၊ ကမ္မကြီးတံတား၊ တွိဗန်တံတား၊ တီးတိန်ယံတံတား၊ ရန်လင်းဖိုင်တံတားများအား ယာယီရေနိမ့်တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုတ်ကန်ကျေးရွာ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် တမူးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကဘော်ခန်းမ၌ကျင်းပသည့် တမူးခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တမူးခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှု၊ ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကူညီထောက်ပံ့ပေးရန် လိုအပ်မှုအခြေအနေကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေဘေးဒဏ်ခံပြည်သူများအတွက် စားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေး၊ ပျက်စီးသွားသည့်ကျေးရွာများ ပြန်လည်ထူထောင်ရေး၊ နေရာသစ်တွင် ပြန်လည်ရွှေ့ပြောင်းတည်ဆောက်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးတို့နှင့်ပတ်သက်ပြီး ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က စီမံဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၅ ကော်လံ ၄ သို့ ✳**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘုတ်ကန်ကျေးရွာ၌ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။** (ပြန်/ဆက်)



**ကလေးဝ-ကျီးကုန်း-တမူးလမ်း မိုင်(၇၀/၃-၇၀/၄)ကြား တွိဗန်တံတား တံတားအမှတ်(၃/၇၂) ချောင်းရေတိုက်စားမှုကို တွေ့ရစဉ်။** (ပြန်/ဆက်)



**ကလေးဝ-ကျီးကုန်း-တမူးလမ်း မိုင်(၇၀/၃-၇၀/၄)ကြား တွိဗန်တံတားအမှတ်(၃/၇၂) ယာယီရေနိမ့်ဘေလီတံတား ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းနေသည်ကို တွေ့ရစဉ်။** (ပြန်/ဆက်)

## တမူးခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားများထိခိုက်ပျက်စီးမှု

(၁) တမူး-ကျီးကုန်း-ကလေး

| စဉ် | တည်နေရာ | တံတားအမျိုးအစား | တံတားအမှတ်အမည် | ပျက်စီးမှုပမာဏ | ဆုံးရှုံးခန့်မှန်း (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | ခမ်းပါတ်(၂)ရပ်ကွက် ၅၆/၆-၅၆/၇ | ဘေလီ | (၇/၅၇) ခမ်းပါတ်အမှတ်(၂) | ဘေလီအားလုံးပြုတ်ကျပျက်စီး၊ ကမ်းကပ်ခုံ (၂)ဖက် ပျက်စီး | ၁၁၄. ၄ |
| ၂ | ကနန်ကျေးရွာ ၅၇/၅-၅၇/၆ | ဘေလီ | (၃/၃၈)ကနန်တံတား | ရေလည်တိုင်(၁)ခုနိမ့်စောင်း၊ တမူးဘက်ခြမ်း ကမ်းကပ်ခုံ(၁)ခုပျက်စီး | ၂၅. ၀ |
| ၃ | ကမ္မကြီးကျေးရွာ ၆၀/၀-၆၀/၁ | ဘေလီ | (၁/၆၁) ကမ္မကြီးတံတား | ဘေလီအားလုံးပြုတ်ကျပျက်စီး၊ ကွန်ကရစ် ရေလည်တိုင်(၂)ခုပျက်စီး | ၁၂၇. ၀၁ |
| ၄ | တွိဗန်ကျေးရွာ ၇၀/၃-၇၀/၄ | ဘေလီ | (၃/၇၂) တွိဗန်တံတား | တံတားတစ်စင်းလုံးကျိုးကျ၊ ကွန်ကရစ်ရေလည်တိုင်(၂)ခု၊ ကမ်းကပ်ခုံ(၂)ခု ပျက်စီး | ၆၆. ၄ |
| ၅ | တီးတိန်ယံကျေးရွာ ၇၃/၅-၇၃/၆ | ဘေလီ | (၁/၇၄) တီးတိန်ယံတံတား | ဘေလီအားလုံးပြုတ်ကျပျက်စီး၊ သစ်သားတိုင်စင် (၂)ခု၊ ကမ်းကပ်ခုံ(၂)ခု ပျက်စီး | ၇၉. ၄၁ |
| ၆ | ရန်လင်းဖိုင်ကျေးရွာ ၇၉/၀-၇၉/၁ | သံကူကွန်ကရစ် | (၁/၈၀) | ကလေးဘက်ခြမ်း ညာဘက်တံတားပေါင် ပျက်စီး | ၂. ၀ |



**ကလေးဝ-ကျီးကုန်း-တမူးလမ်းပေါ်ရှိ ကမ္မကြီးတံတား(၄/၆၂)၏ ဘေလီပြုတ်ပါသွားစဉ်။** (ပြန်/ဆက်)



**ကလေးဝ-ကျီးကုန်း-တမူးလမ်းပေါ်ရှိ ကမ္မကြီးတံတား(၄/၆၂)ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။** (ပြန်/ဆက်)

# အဲချိုင်းနားလေကြောင်းမှ အာရှခရီးစဉ်သစ်လေးခု ပျံသန်းမည်

**ပေကျင်း ဩဂုတ် ၂၂**

တရုတ်နိုင်ငံမြို့တော် ပေကျင်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသအတွင်းရှိ နေရာဒေသလေးခုသို့ လေကြောင်းခရီးစဉ်သစ်များ ပျံသန်းမှုကိုလာမည့် အောက်တိုဘာလအတွင်း စတင်ပြုလုပ်မည်ဖြစ်ကြောင်း အဲချိုင်းနားလေကြောင်းက ဩဂုတ် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပေကျင်း-မွမ်ဘိုင်းလေကြောင်းခရီးစဉ်ကို အောက်တိုဘာ ၂၅ ရက်တွင် စတင်ပျံသန်းမည်ဖြစ်ပြီး ရက်သတ္တတစ်ပတ်လျှင် လေးကြိမ်ပျံသန်းမည်ဖြစ်သည်။ ယင်းနေ့တွင်ပင် ပေကျင်း-ကွာလာလမ်ပူ လေကြောင်းပျံသန်းမှုကိုလည်း စတင်မည်ဖြစ်ပြီး ရက်သတ္တတစ်ပတ်လျှင် လေးကြိမ်ပျံသန်းမည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

အလားတူပင် တရုတ်နိုင်ငံပေကျင်းမြို့နှင့် ပါကစ္စတန်နိုင်ငံ ကရာချိမြို့အကြား လေကြောင်းပျံသန်းမှုကို အောက်တိုဘာ ၂၆ ရက်တွင် စတင်မည်ဖြစ်ပြီး ၎င်းခရီးစဉ်အတွင်း ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်တွင် ခရီးတစ်ထောက် ရပ်နားမည်ဖြစ်သည်။ အဆိုပါ ပျံသန်းမှုကို ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်ပြုလုပ်သွားမည်ဖြစ်သည်။

၎င်းအပြင် တရုတ်နိုင်ငံမြို့တော် ပေကျင်းနှင့် သီရိလင်္ကာနိုင်ငံမြို့တော် ကိုလံဘိုမြို့တို့အား ဆက်သွယ်ပျံသန်းမှုကို အောက်တိုဘာ ၂၇ ရက်တွင် စတင်မည်ဖြစ်ပြီး ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်ပျံသန်းမည်ဟု အဲချိုင်းနားက ထုတ်ပြန်ကြေညာထားသည်။

**ဆင်ဟွာ။**

# V-Day စစ်ရေးပြအခမ်းအနား၌ ဒုံးကျည်အမျိုးအစားခုနစ်မျိုး တရုတ်ပြသမည်



**ပေကျင်း ဩဂုတ် ၂၂**

တရုတ် မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့ The Second Artillery Forces (SAC) သည် စက်တင်ဘာလ ၃ ရက်တွင် ကျင်းပမည့် စစ်ရေးပြပွဲအခမ်းအနားတွင် ဒုံးကျည်အမျိုးအစားခုနစ်မျိုး ပြသသွားမည်ဖြစ်ကြောင်း စစ်ဘက်သတင်းရပ်ကွက်များထံမှ သိရသည်။

ပြသမည့် လက်နက်များတွင် တာဝေး၊ တာလတ်နှင့် တာတိုပစ်ဒုံးကျည်များအပြင် သမားရိုးကျနှင့် နျူကလီးယားဒုံးကျည်များ ပါဝင်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။ ယင်းသတင်းရပ်ကွက်က တိကျသော ဒုံးကျည်အမျိုးအစားများကို မဖော်ပြထားသော်လည်း ပြသမည့် ဒုံးကျည်ပမာဏနှင့် အရေအတွက်မှာ ယခင်စစ်ရေးပြပွဲများတွင် ပြသခဲ့သည်ထက် သာလွန်မည်ဖြစ်သည်ဟု ဆိုသည်။ တရုတ်ဒုံးကျည်လက်နက်များမှာ ပစ်ခတ်နိုင်သော အကွာအဝေး၊ တိုက်ခိုက်နိုင်သည့် နည်းလမ်းများ၊ တိကျမှုနှင့် ရွေ့လျားနိုင်မှုအရ တိုးတက်မှုများ ရှိလာပြီဖြစ်ကြောင်း ၎င်းသတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

စစ်ရေးပြအခမ်းအနားတွင် ပြသမည့်လက်နက်များ၏ ၈၄ ရာခိုင်နှုန်းကို ပြည်သူများ မြင်တွေ့ဖူးခြင်းမရှိသေးကြောင်း အကြီးတန်းစစ်ဘက် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တရုတ်မဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့ (SAC) သည် ၁၉၈၄ ခုနှစ် အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သော (၃၅)နှစ်မြောက် တရုတ်နိုင်ငံသစ်တည်ထောင်သည့် အခမ်းအနား၌ ပထမဆုံးအကြိမ် အများပြည်သူမြင်ကွင်းသို့ ရောက်ရှိလာခဲ့သည်။ ယင်းနောက်ပိုင်းတွင် (SAC)မှာ စစ်ရေးပြပွဲ အခမ်းအနားတိုင်းတွင် လူကြိုက်များကျော်ကြားသော အဖွဲ့တစ်ခုဖြစ်လာခဲ့သည်။ ၂၀၀၉ ခုနှစ်က ပြုလုပ်ခဲ့သည့် အမျိုးသားနေ့ စစ်ရေးပြပွဲအခမ်းအနားအတွင်း တာဝေးပစ်တိုက်ချင်းပစ် ဒုံးကျည်တစ်စင်းဖြစ်သော DF31A အပါအဝင် ဒုံးကျည်အမျိုးအစားငါးမျိုး ပြသခဲ့သည်။

**ဆင်ဟွာ။**



# ထျန်ကျင်းပေါက်ကွဲမှု သေဆုံးသူ ၁၂၁ ဦးထိမြင့်တက်

**ထျန်ကျင်း ဩဂုတ် ၂၂**

တရုတ်နိုင်ငံ ထျန်ကျင်းမြို့တွင် ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၁၂၁ ဦးအထိမြင့်တက်လာခဲ့ပြီဖြစ်ကြောင်း ဩဂုတ် ၂၂ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းသေဆုံးသူများတွင် မီးသတ်တပ်ဖွဲ့ဝင် ၆၇ ဦးနှင့် ရဲအရာရှိ ခုနစ်ဦးတို့ပါဝင်သည်။ ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းအထိ သေဆုံးသူ ၁၁၆ ဦးသာ ရှိသေးသည်။

ဩဂုတ် ၁၂ရက်တွင် ညပိုင်းအချိန်၌ ထျန်ကျင်းပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် ရက်သတ္တတစ်ပတ်ကျော်ခန့်တွင် မီးသတ်တပ်ဖွဲ့ဝင် ၃၇ ဦးနှင့် ရဲအရာရှိလေးဦး အပါ အဝင် လူ ၅၄ ဦး ပျောက်ဆုံးလျက်ရှိသည်။

လူ ၆၄၀ ခန့်သည် ဆေးရုံတွင်ဆေးကုသမှုခံယူလျက်ရှိပြီး ယင်းတို့အနက် ၄၈ ဦးမှာ အသက်အန္တရာယ် စိုးရိမ်ရဖွယ်ရှိသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် နေရာဝန်းကျင်တွင် လေထုညစ်ညမ်းမှု အသစ်ဖြစ်ပေါ်ခြင်းမရှိကြောင်း လေအရည်အသွေးဆန်းစစ်ရေး စင်တာ ၁၈ ခုက ဆိုသည်။ သို့သော် ပေါက်ကွဲမှုဇုန်အတွင်းရှိတည်နေရာ ၂၇ ခုအနက် ခုနစ်ခု၏ ရေနမူနာများတွင် ဆိုင်ယာနိုက်အဆိပ်ပါဝင်မှုများတွေ့ရှိရသည်။

ယခုအချိန်ဆန်းစစ်တွေ့ရှိချက်အရ ပေါက်ကွဲမှုဖြစ်ပွားမှုကြောင့် ပင်လယ်ရေမျက်နှာပြင်တွင် ရေညစ်ညမ်းမှုဖြစ်ပွားခြင်းများ မတွေ့ရှိရကြောင်းသိရသည်။

**ဆင်ဟွာ။**

# အီရတ်နိုင်ငံရှိ အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အိုင်အက်စ် ဒုခေါင်းဆောင် ကျဆုံး

**ဝါရှင်တန် ဩဂုတ် ၂၂**

အီရတ်နိုင်ငံရှိ အမေရိကန်တို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ အုပ်စုခေါင်းဆောင်၏ အနီးကပ် လက်ထောက်တစ်ဦး ကျဆုံးခဲ့ကြောင်း အိမ်ဖြူတော်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖာဟေးလ် အာမက်အယ်လ်ဟာဝါလီမှာ ပြီးခဲ့သည့် ဩဂုတ် ၁၈ ရက်က မိုဆူးလ်မြို့တော်အနီး၌ မော်တော်ယာဉ်တစ်စီးဖြင့် သွားလာနေစဉ် တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ နက်ဒ်ပရိုက်စ်က ဩဂုတ် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဟာဝါလီမှာ အိုင်အက်စ်ခေါင်းဆောင် အဘူဘာခ်အယ်လ်ဘက်ဒဒီ၏ ဝါရင့်လက်ထောက်တစ်ဦးဖြစ်ပြီး အိုင်အက်စ်အဖွဲ့ ဒုတိယခေါင်းဆောင်အဆင့်ရှိသူဖြစ်သည်။ ၎င်းသည် လက်နက်ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ ရွှေ့ပြောင်းရေးအတွက် အဓိက ညှိနှိုင်းရေးမှူးတစ်ဦးဖြစ်သည်။

ဟာယာလီသေဆုံးမှုမှာ အိုင်အက်စ်အဖွဲ့၏ စစ်ဆင်ရေးများအပေါ် များစွာဆိုးကျိုးသက်ရောက်လာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ယခုလမှာအမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က အိုင်အက်စ်အဖွဲ့ကို လေကြောင်းတိုက်ခိုက်မှုတစ်ရပ် စတင်ခဲ့သော တစ်နှစ်ပြည့်မြောက်သည့် အချိန်ဖြစ်သည်။ သို့သော် အိုင်အက်စ် စစ်သွေးကြွများကို တိုက်ခိုက်ရန် အီရတ်နှင့်ဆီးရီးယားရှိ မြေပြင်တပ်ဖွဲ့များကို လေ့ကျင့်ပေးမည့် အမေရိကန်စစ်ဘက်၏ အစီအစဉ်မှာ အဆင်ပြေချောမွေ့မှုမရှိဘဲ အချိန်ကာလကြာရှည်မည့် စစ်ဆင်ရေးများကိုသာဆင်နွှဲရသော အခြေအနေ ဖြစ်ပေါ်လာစေသည်။

**အင်န်အိတ်ချ်ကေ။**



အိုင်အက်စ်စစ်သွေးကြွခေါင်းဆောင်၏ အနီးကပ်လက်ထောက်ဖြစ်သူ ဖာဟေးလ် အာမက်အယ်လ်ဟာဝါလီ။

# ပြင်သစ်လုပ် ဂျက်တိုက်လေယာဉ်များ အိန္ဒိယဝယ်ယူရေး ၁၀ ရက်အတွင်း သဘောတူညီမှုရမည်ဟု မျှော်လင့်ရ

**ပါရီ ဩဂုတ် ၂၂**

ပြင်သစ်လုပ် ရာဖေးလ် ဂျက်တိုက်လေယာဉ်များဝယ်ယူရေး သဘောတူညီချက်တစ်ရပ်ကို အိန္ဒိယနိုင်ငံနှင့် ၁၀ ရက်အတွင်းရရှိမည်ဟု မျှော်လင့်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ လေယာဉ်များခေတ်မီတိုးတက်စေရေးအတွက် ပြင်သစ်လုပ် ရာဖေးလ်ဂျက်တိုက်လေယာဉ် ၃၆ စင်း ဝယ်ယူရန် ညွှန်ကြားထားသည်ဟု ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ဧပြီလအတွင်း ပြောကြားခဲ့သည်။ သို့ရာတွင် ယခုအချိန်အထိ ယင်းလေယာဉ်များ ဝယ်ယူရေးကိစ္စနှင့် ပတ်သက်၍ အသေးစိတ် မသိရပေ။

ရာဖေးလ် ဂျက်တိုက်လေယာဉ်များထုတ်လုပ်သော ဒက်စ်ဆော့ကုမ္ပဏီနှင့် သုံးနှစ်ကြာမျှ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်တိုင် အပြီးသတ်သဘောတူညီချက် မရရှိခဲ့သဖြင့် အိန္ဒိယအစိုးရအဖွဲ့က ပြင်သစ်အစိုးရအဖွဲ့နှင့် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးမှုပြုလုပ်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း ညှိနှိုင်းဆွေးနွေးမှုများတွင်ပါဝင်သည့် ပြင်သစ်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် ရိုက်တာက ရေးသားသည်။

ဆွေးနွေးမှုများမှာ တိုးတက်နေပြီး ၁၀ ရက်ခန့်အတွင်း သဘောတူညီချက်တစ်ရပ်ရရှိမည်ဟု မျှော်လင့်ရသည်ဆို၏။

ဒက်စ်ဆော့ကုမ္ပဏီသည် အီဂျစ်နိုင်ငံသို့ ဂျက်တိုက်လေယာဉ်များ ရောင်းချပေးရန် ပထမဆုံးသော ကုန်ဝယ်အမှာစာကို ရရှိခဲ့ပြီးနောက် အိန္ဒိယနိုင်ငံကလည်း ယင်းလေယာဉ်များဝယ်ယူမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းနောက်တွင် ကာတာနိုင်ငံကလည်း စစ်လေယာဉ်များဝယ်ယူရန် အမှာစာပေးပို့ခဲ့သည်။ အဆိုပါ ကုမ္ပဏီသည် မလေးရှားနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့နှင့်လည်း စစ်လေယာဉ်များ ရောင်းချပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

**ရိုက်တာ။**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ မိုးရာသီသစ်ပင်စိုက်ပျိုး



**နေပြည်တော် ဩဂုတ် ၂၂**

ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏၂၀၁၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးပြီး အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ခရေပင်အား ဦးဆောင်စိုက်ပျိုးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းစိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ၂၀၁၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင် စုစုပေါင်း ၄၂၆၀ အား စိုက်ပျိုးခဲ့ကြသည်။

ရေဆင်းဆည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စုစုပေါင်းစိုက်ပျိုးပင် ၇၉၀၇၀ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးခဲ့သည့်အပင်များ ရှင်သန်ဖြစ်ထွန်းအောင် အစားထိုးစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ၇၈၁၁၃ ပင် ရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပကြရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင် စုစုပေါင်းမှာ ၄၁၆၃၄၆ ပင် ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

**✻ စာမျက်နှာ ၃ မှ**

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ဒေသများဖြစ်သည့် အလှော်ကျေးရွာနှင့် ပွတ်သာကျေးရွာများအတွက် ဗုဒ္ဓဆင်းတုတော်များကိုလည်းကောင်း၊ မင်းသမီးကျေးရွာ၊ ထင်းဇင်၊ ကမ္ဘူကြီးကျေးရွာများအတွက် စားသောက်ကုန်များကိုလည်းကောင်း၊ ခမ်းပါတ်အမှတ်(၁)၊ အမှတ်(၂) ရပ်ကွက်များနှင့် ကနန်ကျေးရွာများအတွက် လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ တမူးမြို့ မြို့မရပ်ကွက်နှင့် စန္ဒကူးရပ်ကွက်များအတွက် သန့်ရှင်းရေးသုံးပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ရေဘေးကယ်ဆယ်ရေးအတွက် တမူးမြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက ငွေကျပ်သိန်း ၁၂၀၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ငွေကျပ်သိန်း ၅၀၊ ရွှေတောင်ကုမ္ပဏီမှ ငွေကျပ် ၂၅ သိန်း၊ တမူးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ငွေကျပ် ရှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် ရေဘေးသင့်ပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**



# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် Eastern Army ဌာနချုပ် တိုကျိုမြို့Camp Asaka သို့ ရောက်ရှိရာ Eastern Army ဌာနချုပ်မှ ဒုတိယဗိုလ်ချုပ်ကြီး မိုရီယာမနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြပြီး ဧည့်ခန်းမ၌ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ယင်းဌာနချုပ်ရှိ အားကစားခန်းမ၌ လှုံ့စွပ်ထိုးသရုပ်ပြလေ့ကျင့်မှုများကို ကြည့်ရှုကာ Fuji Firepower Exercise( 2015) တွင် ပါဝင်သရုပ်ပြမည့် စစ်လက်နက်ပစ္စည်းများအား လေ့လာကြည့်ရှုပြီး Eastern Army ၏ စစ်လက်နက်ပစ္စည်းပြခန်းအား လေ့လာခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးအား ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် General Kiyofumi IWATA နှင့်ဇနီးက New Otani Hotel ၌ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(မြဝတီ)**

**✻ ဘီလူးချောင်းမှ**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက နိုင်ငံတော်အစိုးရအနေဖြင့် ဘီလူးချောင်း အမှတ်(၃)စီမံကိန်းကို စီမံဆောင်ရွက်ပေးသည့်အတွက် ပြည်နယ်၏ကိုယ်စား ဝမ်းမြောက်ရပါကြောင်း၊ စက်မှုလုပ်ငန်းတိုင်းသည် လျှပ်စစ်ကိုအခြေခံပါကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အသုံးချခြင်းဖြစ်ပါကြောင်း၊ သဘာဝကို အကျိုးရှိရှိအသုံးချတတ်သည့် အတတ်ပညာရှိမှသာ မိမိတို့တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမော်သာထွေးက ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ရှိရာ ကယားပြည်နယ်၌ ယခင်က လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲနှင့် ဖားဆောင်းတို့ကိုသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါ မြို့များသာမက ရှားတော၊ ရွာသစ်နှင့် မယ်စဲ့မြို့များအပါအဝင် အနီးပတ်ဝန်းကျင် ကျေးရွာ ၂၅၄ ရွာကိုလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း၊ ကျေးရွာ ၁၁၄ ရွာ ထပ်မံဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်လျက်ရှိသကဲ့သို့ ဓာတ်အားပေးစနစ်နှင့် ဝေးကွာသည့် ကျေးရွာများအတွက်လည်း Solar Home စနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် ကယားပြည်နယ်တစ်ခုလုံးရှိ အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ကယားပြည်နယ်အတွင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဘီလူးချောင်း(၁/၂/၃)တို့မှထုတ်လုပ်သည့် ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည့်အတွက် နိုင်ငံတစ်ဝန်းရှိပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ကြပြီး တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ပိုမိုအခွန့်ရှည်ခိုင်မြဲစေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် ဓာတ်အားစနစ်ရောက်ရှိပြီးဒေသများ၌ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားခွဲရုံများနှင့် ထရန်စဖော်မာများကို တိုးချဲ့တည်ဆောက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အနာဂတ်စွမ်းအားကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမြင့်က ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဘီလူးချောင်း၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံတည်ရှိပြီး ဓာတ်အားစုစုပေါင်း ၂၄၈ မဂ္ဂါဝပ်ကို ထုတ်လုပ်ပေးလျက်ရှိကာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ဖြန့်ဖြူးသုံးစွဲနိုင်သည့်အတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ၏ ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ရာတွင် အစိုးရတစ်ခုတည်းဆောင်ရွက်နေသည်မဟုတ်ဘဲ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များပါဝင်ဆောင်ရွက်နိုင်ရန်ဖိတ်ခေါ်အားပေးခဲ့ပါကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စက်ရုံကို အနာဂတ်စွမ်းအားကုမ္ပဏီက ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ခြင်းသည် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာလုပ်ငန်းစဉ်များချမှတ်ပြီး ပြည်ထောင်စုဝန်ကြီးများက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ဆောင်ရွက်သည့် ဒေသန္တရလိုအပ်ချက်များ စီမံကိန်းများဟန်ချက်ညီရေးကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများဆင်းရဲမှု လျှော့ချနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးစီမံချက်ကို တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲလာနိုင်ခြင်းဖြင့် ကယားပြည်နယ်၌ ဒေသတွင်းစိုက်ပျိုးရေး၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်ခြင်းနှင့်အတူ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာမည် ဖြစ်ပါကြောင်း၊ ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်နယ်လမ်းမကြီးများကောင်းမွန်ရေး၊ ပြည်နယ်တစ်ခုလုံး လျှပ်စစ်မီးရရှိရေး၊ ပြည်နယ်တစ်ခုလုံး ICT ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးပိုမိုအဆင့်မြင့်တင်နိုင်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်လေယာဉ်ကွင်းအဆင့်မြှင့်တင်နိုင်ရေး၊ ဘီလူးချောင်း ရေရှည်ထိန်းသိမ်းနိုင်ရေး၊ ဖရူဆိုနှင့် ဒီမောဆိုမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်မှ အကူအညီရရှိရေး၊ နယ်စပ်ကုန်သွယ်ရေးအကောင်အထည်ဖော်ရေး၊ ဖားဆောင်း-စွတ်ပိုင်-ရှားတော သံလွင်မြစ်ရေကြောင်းလမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်အသီးသီး ဖွံ့ဖြိုးတိုးတက်မှ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းသာယာသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပူးပေါင်းပါဝင် ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမုခ်ဦး၌ ကျင်းပရာ ကင်းထောက်လူငယ် မဟေယမုံ၊ ဘက်စုံထူးချွန် ကျောင်းသူ မအိအိခိုင်စိုးနှင့် ငါးဘာသာဂုဏ်ထူးရှင် မရိုသီဖောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စက်ရုံဆိုင်းဘုတ်အား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လည်းကောင်း စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းဆောင်ရွက်ချက်များအား ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာတို့က ရှင်းလင်းတင်ပြကြပြီး စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဘီလူးချောင်းပေါ်၌ ရေအားလျှပ်စစ်စက်ရုံ သုံးရုံတည်ဆောက်ထားရှိရာ ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်စက်ရုံကို ၁၉၅၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၈ မဂ္ဂါဝပ် စက်သုံးလုံးတပ်ဆင်ကာ ၁၉၆၀ ခုနှစ်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခဲ့သည်။

၁၉၇၀ ခုနှစ်တွင် ဘီလူးချောင်းအပေါ်၌ မိုးဗြဲဆည်တည်ဆောက်ပြီး ၂၈ မဂ္ဂါဝပ် စက်သုံးလုံးထပ်မံတပ်ဆင်ကာ စုစုပေါင်း စက်ခြောက်လုံးဖြင့် စုစုပေါင်း ၁၆၈ မဂ္ဂါဝပ်ထုတ်လုပ်ပေးလျက်ရှိပြီး ၁၉၉၂ ခုနှစ်တွင် ဘီလူးချောင်းအမှတ်(၁)လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၈ မဂ္ဂါဝပ်ဖြင့် စတင်လည်ပတ်ခဲ့သည်။

ဘီလူးချောင်း အမှတ်(၃)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အနာဂတ်စွမ်းအားကုမ္ပဏီတို့ BOT စနစ်ဖြင့် ၂၀၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၅၂ မဂ္ဂါဝပ်ဖြင့် စတင်လည်ပတ်ခဲ့ရာ ဘီလူးချောင်းပေါ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံမှ စုစုပေါင်း ၂၄၈ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၁၇၂၄ ထုတ်လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။

**(သတင်းစဉ်)**

# ပြည်သူတွေကို မယုံကြည်ဘူးလား ...

*omrem;axmi/v/u&i/ wp&mciEe;avmu/u jzlwcwm b,/w&m;yjrv/v/ txi&p&m&w,/ Oya'u '/v/q/wmr [/wy;b;/ wp&mciEe;u wilum;Eiwmy/ wiwme jzlwc&yor;vr&y;b;/*



ဦးမြင့်နိုင် (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်)

မိုးသူဇာစိုး

ဩစတြေးလျနိုင်ငံ၏ လွှတ်တော်အဆောက်အအုံထက်တွင် အများပြည်သူ အပန်းဖြေအနားယူနိုင်သည့် မြက်ခင်းပြင်များ စိမ်းစိုလန်းဆန်းနေပြီး ပြည်သူများ စိတ်လက်အေးချမ်းစွာ အပန်းဖြေအနားယူလျက်ရှိသည်။ ယင်းသို့ လွှတ်တော်အဆောက်အအုံထက်တွင် ပြည်သူများ အပန်းဖြေနိုင်အောင် ပန်းခြံတည်ဆောက်ထားသည့် ရည်ရွယ်ချက်ကို သင်သိရှိပါသလား။

**လွှတ်တော်အထက်တွင် ပြည်သူများရှိသည်ကို လွှတ်တော်ကိုယ်စားလှယ်များ ဘယ်တော့မှ မမေ့မသွားအောင်ဟူသတည်း . . .။**

မြန်မာနိုင်ငံတွင် **ပြည်သူ့အသံ၊ လွှတ်တော်အသံ**ဟု ခံယူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ် အပြန်အလှန်ထိန်းညှိရာတွင် မဏ္ဍိုင်များ၏ အားနည်းချက်များကို တည့်မတ်မှန်ကန်အောင် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များက တာဝန်ယူဆောင်ရွက်နေသည်။

ဩဂုတ် ၂၀ ရက်က လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း (Right to Recall) ပြဋ္ဌာန်းနိုင်ရေး ဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးရန် သင့်/မသင့် မဲခွဲဆုံးဖြတ်ခဲ့ရာ မဲပေးနိုင်သူ ၅၂၄ ဦးတွင် ထောက်ခံမဲ ၂၆၄ မဲ၊ ကန့်ကွက်မဲ ၂၃၅ မဲနှင့် ကြားနေမဲ ၁၂ မဲဖြင့် ဆွေးနွေးခြင်းကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

**“တကယ်တော့ ဥပဒေကပြုကို ပြဋ္ဌာန်းရမယ်လို့ ဖွဲ့စည်းပုံက ပြောထားတာပါ။ ဥပဒေကို မပြဋ္ဌာန်းသင့်ဘူးလို့ မဲခွဲဆုံးဖြတ်တာကတော့ လမ်းကြောင်းလွဲနေတယ်လို့ ထင်ပါတယ်။ ဥပဒေက ပြုကိုပြဋ္ဌာန်းရမယ်။ ဥပဒေထဲမှာ ပါဝင်လာမယ့် အချက်တွေကိုသာ ဘယ်အချက်က ပါသင့်တယ်။ ဘယ်အချက်က မပါသင့်ဘူး။ ဘယ်အချက်က တရားတယ်။ ဘယ်ဟာကမတရားဘူးဆိုတာ မဲခွဲဆုံးဖြတ်ရမှာဖြစ်တယ်”**ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်



ဩစတြေးလျနိုင်ငံ၏ လွှတ်တော်အဆောက်အအုံထက်တွင် ပြည်သူများအပန်းဖြေနိုင်အောင် ပန်းခြံတည်ဆောက်ထားသည်ကို တွေ့ရစဉ်။

ဦးမြင့်နိုင်က ပြည်ထောင်စုလွှတ်တော်တွင် ယင်းဥပဒေဆိုင်ရာ မဲခွဲဆုံးဖြတ်မှုအပြီး၌ မှတ်ချက်ပြုပြောကြားသည်။

ဩဂုတ် ၂၀ ရက်က ပြည်ထောင်စုလွှတ်တော်တွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးသူ ၁၅ ဦးရှိခဲ့သည့်အနက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က ဤမျှ အကဲဆတ်သောဥပဒေတစ်ရပ်ကို အဆောတလျင် ဆောင်ရွက်ခြင်းထက် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်နှင့်အညီ ဆောင်ရွက်သင့်ကြောင်း ပါဝင်ဆွေးနွေးခဲ့သည်။

Right to Recall ဥပဒေဟူသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်မနေ ပြဋ္ဌာန်းရမည့် ဥပဒေတစ်ရပ်ဖြစ်သော်လည်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် ငါးနှစ်တာကာလအတွင်း ယင်းဥပဒေကိုပြဋ္ဌာန်းနိုင်ခြင်းမရှိသည်မှာ သေချာသွားပြီဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ (ခ)ပါ ပြဋ္ဌာန်းချက်မှာ **“ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။”**ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၆၉ (ခ)တွင် **“သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။”**ဟု ဖော်ပြပါရှိသည်။

**“ပုဒ်မ ၃၆၉(ခ) က နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးအနေနဲ့ ပြဋ္ဌာန်းထားတာ။ ဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူအရနဲ့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတစ်ရပ်အနေနဲ့လည်း မဲဆန္ဒရှင်တွေက မိမိရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်ကို ပြန်ပြီးရုပ်သိမ်းခွင့်ရှိတယ်”**ဟု ဥပဒေရေးရာ ပညာရှင်တစ်ဦးလည်းဖြစ်သူ ဦးမြင့်နိုင်က ဆက်လက်ပြောကြားသည်။

၂၀၁၂ ခုနှစ်ကတည်းက မဲဆန္ဒရှင် ပြည်သူအချို့၏ တိုင်ကြားချက်အချို့ကို လက်ခံရရှိထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယင်းဥပဒေ အကျိုးသက်ရောက်မှုရှိမှသာ တိုင်ကြားစာများနှင့် ကိုယ်စားလှယ်များ၏ ပြန်လည်တင်ပြချက်များကို စိစစ်ဆောင်ရွက်နိုင်မည်ဖြစ်၍ ယင်းဥပဒေပြဋ္ဌာန်းနိုင်ရန် ဥပဒေကြမ်းပြုစုပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၂၇ ရက်နေ့ကတည်းက ပထမအကြိမ်အဖြစ် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့သည်။

**“နိုင်ငံတော်ရဲ့ အခြေခံမူနဲ့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးဆိုတာ တကယ့်ကို အရေးကြီးဆုံးအချက်ဖြစ်ပြီး ဒါကိုအကောင်အထည်ဖော်ဖို့ မဖြစ်မနေလိုအပ်ပါတယ်”**ဟု အဆိုပါဥပဒေပညာရှင်က ပြောသည်။

လက်ရှိအချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ မဲဆန္ဒရှင် ပြည်သူများ၏ တိုင်ကြားစာ ၁၀ စောင်ရှိနေပြီး ၂၀၁၂၊ ၂၀၁၃ နှင့် ၂၀၁၅ ခုနှစ်များအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဩဂုတ်လ ၁၃ ရက်နေ့က ပန်ကြားချက်အပါအဝင် လွှတ်တော်သို့ ယင်းဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းဆွေးနွေးရန် တိုက်တွန်းမှု စုစုပေါင်းလေးကြိမ်ရှိခဲ့ပြီဖြစ်သည်။

**“လွှတ်တော်က ကိုယ့်ကိုထိခိုက်လာမယ်ဆိုရင် မပြဋ္ဌာန်းဘူးဆိုတာမျိုး နိုင်ငံသားတွေ၊ မဲဆန္ဒရှင်ပြည်သူတွေက ပြောစရာဖြစ်စေပါတယ်။ ဒါက ပြည်သူရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေအနေနဲ့ မဖြစ်သင့်ဘူးလို့ ပြောရမှာပေါ့။ ပေးအပ်ထားတဲ့တာဝန်ကိုလည်း မကျေပွန်ရာရောက်တယ်လို့ အထင်ခံရနိုင်ပါတယ်”**ဟု အဆိုပါကော်မရှင်အဖွဲ့ဝင်က ဆက်လက်ပြောကြားသည်။

အခြေခံဥပဒေပါ အခြေခံမူကို လိုက်နာဆောင်ရွက်မှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ မူလအခွင့်အရေးကို အကာအကွယ်ပေးမည့် ဥပဒေဖြစ်သော်လည်း ဆိုင်းငံ့ရန်အတွက် ဥပဒေပြဋ္ဌာန်းရမည့် လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့ခြင်းသည် ဆီလျော်သည့် လုပ်ရပ်မဟုတ်ကြောင်း၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုပါ သွေဖည်နေကြောင်း ၎င်းကထောက်ပြခဲ့သည်။

ပုဒ်မ ၃၉၆ (က)တွင်ဖော်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ရှိသည့် အကြောင်းအချက်(၅) ချက်တွင် **(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း (၂)ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း (၃) အကျင့်သိက္ခာပျက်ပြားခြင်း (၄)ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း (၅)ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း**ဟု ဖော်ပြထားသည်။

**“ရုပ်သိမ်းပိုင်ခွင့်ရှိတယ်ဆိုပြီး အရမ်းကာရော ရုပ်သိမ်းလို့ မရပါဘူး။ ဒီပြဋ္ဌာန်းထားတဲ့ အချက်ငါးချက်မှာ တစ်ချက်ချက်နဲ့ ငြိစွန်းနေမှပဲရမယ်။ ဒါကို ကျူးလွန်ပါတယ်လို့ ထင်ထင်ရှားရှား သိသာအောင် ပြနိုင်ရမယ်။ ဒါကို ဘယ်လိုရုပ်သိမ်းမလဲဆိုတဲ့ နည်းလမ်းကိုပြတဲ့ ပုဒ်မ ၃၉၆ (ခ)ပါ အချက်တွေနဲ့ ရုပ်သိမ်းရမယ်လို့ ဖော်ပြထားပါတယ်”**ဟု Right to Recall ဥပဒေ အကျိုးသက်ရောက်မှုကို ဥပဒေနှင့်အညီဖြစ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားခြင်းနှင့် စပ်လျဉ်း၍ ဦးမြင့်နိုင်က ရှင်းပြသည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆ (ခ)တွင်

- **သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။**
- **စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်**ဟု ဖော်ပြပါရှိသည်။

ပုဒ်မ ၃၉၇ တွင် **“ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်”**ဟု အတိအလင်းဖော်ပြထားသည်။

ယင်းသို့ အတိအလင်းဖော်ပြပါရှိသော်လည်း အခြေခံဥပဒေကို ပစ်ပယ်၍ ဥပဒေကြမ်းဆွေးနွေးမှုကို ဆိုင်းငံ့လိုက်ခြင်းအပေါ် ဥပဒေကြမ်းတင်သွင်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က **“ဒီဥပဒေက မရှိမဖြစ်လိုအပ်တဲ့ ဥပဒေတစ်ရပ်ဖြစ်တယ်။ မဖြစ်မနေပြဋ္ဌာန်းရမယ့် ဥပဒေတစ်ရပ်လည်း ဖြစ်တယ်။ ဒါ့ကြောင့် ကော်မရှင်က ဥပဒေကြမ်းရေးတင်ခဲ့တယ်။ သက်တမ်းငါးနှစ်အတွင်းမှာ လေးကြိမ်ရှိခဲ့ပြီး ကြားထဲမှာ မပြီးပြတ်ခဲ့ပါဘူး။ ဒါ့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့တော့ တာဝန်ကျေပါတယ်”**ဟု သုံးသပ်ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် Right to Recall ဥပဒေကြမ်းပါအချက်များကို နိုင်ငံရေးပါတီ (၁၉) ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးတို့၏ သဘောထားမှတ်ချက်များရယူရာတွင် ပါတီ(၆) ပါတီကသာ ဆွေးနွေးသင့်ကြောင်း တင်ပြခဲ့ပြီး ကျန် (၁၃) ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့က ယင်းဥပဒေကြမ်းဆွေးနွေးမှုကို ကန့်ကွက်ခဲ့ကြောင်း ဖော်ပြထားသည်။ ဥပဒေကြမ်း အတည်ပြုနိုင်ရေးကို အမြန်ဆောင်ရွက်ရန်မသင့်ဟု သုံးသပ်ရရှိကြောင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူ၍ ယင်းဥပဒေကြမ်းဆွေးနွေးမှုကို ဆိုင်းငံ့ (သို့မဟုတ်) ကွဲပြားချက်များအပေါ် အချိန်ယူစိစစ်သင့်ကြောင်းကို အစီရင်ခံစာ၏ သဘောထားမှတ်ချက်အဖြစ် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဥပဒေကြမ်းဆွေးနွေးနိုင်ရန် လွှတ်တော်၏ မဲခွဲဆုံးဖြတ်မှုတွင် **“မဲဆန္ဒရှင် တစ်ရာခိုင်နှုန်းက တိုင်ကြားနိုင်ခြင်း”**ဟူသည့် အချက်ကိုသာ လွှတ်တော်ကိုယ်စားလှယ်များက အာရုံစိုက်ခဲ့ကြောင်းကို ဦးမြင့်နိုင်က **“တစ်ရာခိုင်နှုန်းလောက်ပဲရှိတဲ့ မဲဆန္ဒရှင်တွေက ဒီလိုအလွယ်တကူ ဖြုတ်ချနိုင်မယ်ဆိုရင် သူတို့ရဲ့ တာဝန်ထမ်းဆောင်မှုကို အနှောင့်အယှက်ဖြစ်စေတယ်ဆိုပြီး အဲဒီအချက်ကိုပဲ ဇောင်းပေးပြောကြတာကို တွေ့ခဲ့ရတယ်။ ဒါကိုကြားရင် ပြည်သူတွေလည်း အမြင်လွဲသွားနိုင်တယ်ဆိုတာကို ရိုးရိုးလေးတွေးကြည့်လို့ရပါတယ်”**ဟု ပြောသည်။

ကိုယ်စားလှယ်တစ်ဦးအား တာဝန်မှရပ်စဲရန်တိုင်ကြားချက်ရရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့် အညီလက်ခံစစ်ဆေးခြင်း၊ တိုင်ကြားခံရသူက ခုခံချေပခြင်းတို့အပြင် ဥပဒေနှင့်အညီစစ်ဆေးချက်အရ တိုင်ကြားချက်မှန်ကန်ပါက ကော်မရှင်သည် တိုင်ကြားသော သက်ဆိုင်ရာ မဲဆန္ဒနယ်မြေတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပေးပြီး မဲပေးခွင့်ရှိသူ ပြည်သူ ၅၀ ရာခိုင်နှုန်းက သဘောတူပါမှ ယင်းလွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ရုပ်သိမ်းနိုင်မည်ဖြစ်သည်။

**“သာမန်နားထောင်လိုက်ရင် တစ်ရာခိုင်နှုန်းလောက်က ဖြုတ်ချတာ ဘယ်တရားပါ့မလဲလို့ အထင်ရှိစရာရှိတယ်။ ဥပဒေက ဒီလိုဆိုတာမဟုတ်ပါဘူး။ တစ်ရာခိုင်နှုန်းက တိုင်ကြားနိုင်တာပါ။ တိုင်တာနဲ့ ဖြုတ်ချရုပ်သိမ်းလို့ မရပါဘူး။ အဲဒီနောက်မှာ ဆက်လုပ်ရမယ့်လုပ်ငန်းစဉ်တွေက လွှတ်တော်ကိုယ်စားလှယ်တွေကို အကာအကွယ်တွေ အများကြီးပေးထားပါတယ်”** ဟု ဦးမြင့်နိုင်က ဆက်လက်ပြောကြားသည်။

စာမျက်နှာ ၁၁ သို့

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက အလှူပစ္စည်းများ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော The Titular Roman Catholic Archbishop Singapore မှ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် Water Purification Bottles-17 Cartons အား ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှတစ်ဆင့် လှူဒါန်းရန်နှင့် ထိုင်းတပ်မတော်မှ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းစုစုပေါင်း ၇၀ သည် မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာနှင့် ပြည်ပအဖွဲ့အစည်းများက မြန်မာနိုင်ငံအစိုးရမှတစ်ဆင့် ရေဘေးသင့်ပြည်သူများအတွက် ယနေ့အထိ လှူဒါန်းသည့် ပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၄၀၀၀၀ တန်ဖိုးရှိ ဆန် ၂၄၃ တန်နှင့် ၂၃၂ အိတ်၊ ခေါက်ဆွဲခြောက်ထုပ် သေတ္တာ ၅၀၀၊ ၁၀၂၄၅ ဖာ၊ အထုပ် ၃၀၀၀၀၊ ကီလိုဂရမ် ၂၀၀၊ အမေရိကန်ဒေါ်လာ ၃၀၀၀၀ တန်ဖိုးရှိ သောက်ရေသန့်ဘူး ၁၀၀၀၀၊ သေတ္တာ ၅၀၀၊ ကတ် ၂၃၅၀၊ နို့မှုန့်ဖာ ၅၀၀၊ ဆီပုံး ၅၀၀၊ မုန့်ဘူး ၅၀၀၊ အမေရိကန်ဒေါ်လာတန်ဖိုး သုည ဒသမ ၈ သန်းတန်ဖိုးရှိ ဆေးဝါး ၈၄ ဖာ၊ ၅၂၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၃၀၀၀၀ တန်ဖိုးရှိ အခြားစားသုံးကုန်များ၊ မိုးကာတဲအလုံး ၁၀၀၀၊ အသင့်ဆောက်အိမ်အလုံး ၁၅၀၊ အဝတ်အထည် ၄၂ ထုပ်၊ တီရှပ်အထည် ၂၀၀၀၊ အကျီအစုံ ၅၀၀၊ စက်တပ်လှေအစင်း ၁၀၀၊ စောင်အထည် ၆၀၀၀၊ အိပ်ရာလိပ်အခု ၁၀၀၀၊ ပလတ်စတစ်အခင်းအခု ၉၀၊ အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ သွပ်မိုးအချပ် ၆၆၀၀၊ အပေ့ါစားရေစုပ်စက် အလုံး ၁၀၀၊ မီးစက်အလုံး ၅၀၊ ထောက်ပံ့ရေးပစ္စည်းအစုံ ၄၀၀၀၊ အရေးပေါ်ကယ်ဆယ်ရေးသုံးပစ္စည်းအထုပ် ၁၀၀၀၊ နေရောင်ခြည်သုံး မီးအိမ် ၈၈၈ ခု၊ ဆိုလာမီးအိမ်အလုံး ၄၈၀၊ ဆိုလာပြား ၁၄၄ ဘူးတို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ကနန်တံတား(ကလေး-တမူးလမ်းပိုင်း) ပျက်စီးမှုကို တွေ့ရစဉ်။



မိုင်တိုင်(၅၇/၅-၅၇/၆)ကြား တံတားအမှတ်(၃/၅၈) (ကနန်တံတား) ယာယီရေနှိမ့်ဘေလီတံတား ဆောက်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

# ရေဘေးဒဏ်ခံခဲ့ရသည့် တမူးမြို့လေး ပြန်လည်နိုးထသက်ဝင်လာစေရန် ထူထောင်ရေးလုပ်ငန်းများကို အားဖြည့်ပေးကြမည်

**နန္ဒာဝင်း**

**ဝါဆို၊ ဝသန်မိုးသည်းရင် ငိုမိတယ် . . . ဆိုသည့် သီချင်းစာသားလေးအတိုင်း ဝါဆိုမိုးကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး နေအိမ်များမျောပါပျက်စီးခဲ့ရသည်များရှိသလို ရေပြန်ကျသွားသော်လည်း ရွှံ့ညွန်ထုများတင်ကျန်မှုကြောင့် မပျက်စီးဘဲ ကျန်ခဲ့သည့်အိမ်များ၌ပင် ပြန်လည်နေထိုင်ရန် အခက်အခဲတို့ ရှိနေဆဲဖြစ်သည်။**

မြန်မာနိုင်ငံတွင် ကိုမန်ဆိုင်ကလုန်းမုန်တိုင်း အဖျားခတ်မှုကြောင့် လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှု၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်တို့နှင့် ကြုံတွေ့ခဲ့ရသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းနှင့် နေအိမ် အဆောက်အအုံများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ သီးနှံစိုက်ခင်းများ၊ ကားလမ်း၊ ရထားလမ်းနှင့် တံတားများပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရပြီး အသက်ဆုံးရှုံးမှုများပင် ဖြစ်သည်အထိ ရှိခဲ့သည်။

ထိုကဲ့သို့ မြန်မာတစ်နိုင်ငံလုံးနီးပါး သဘာဝဘေးကျရောက်ခဲ့သလို စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်သည်လည်း မလွတ်ခဲ့ပါ။ တမူးခရိုင်ရှိ တမူး၊ ခမ်းပါတ်နှင့် မြို့သစ်တို့တွင် မိုးစပါးစိုက်ပျိုးပြီး ၂၁၈၂၆ ဧကအနက် ၉၃၂၃ ဧက ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။ တစ်ခရိုင်လုံးအနေဖြင့် ရေမြုပ်ဧကများမှ ဧက ခုနစ်ထောင်နီးပါးမှာ သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့အပြင် တမူးခရိုင် ခမ်းပါတ်မြို့နယ် ကမ္ဘကြီးကျေးရွာ၌ ပေ ၃၁၀ ရှည် ဘေလီသံပေါင်တံတား၊ ကနန်ရပ်ကွက်တွင် ပေ ၂၉၀ ရှည် ဘေလီသံပေါင်တံတား၊ ခမ်းပါတ်(၂)ရပ်ကွက်တွင် ပေ ၂၈၀ ရှည် ဘေလီသစ်သားပေါင်တံတားနှင့် တွီဇန်ကျေးရွာတွင် ပေ ၂၁၀ ရှည် ဘေလီတံတားတို့မှာ သံပေါင်ပြုတ်ကျခြင်း၊ ရေလယ်ထောက်တိုင်ရေစီးဖြင့်မျောပါခြင်း၊ တံတားချဉ်းကပ်လမ်းရေတိုက်စားခြင်း၊ ကမ်းကပ်ခုံပြိုကျခြင်း၊ တံတားသံပေါင်ပြုတ်ကျမျောပါခြင်းတို့ ဖြစ်ပွားခဲ့သည်။

အလားတူ တမူးမြို့နယ် တွီတိန်ယံကျေးရွာတွင် ပေ ၂၁၀ ရှည် ဘေလီသံတံတား၊ ကွန်းတောင်းကျေးရွာတွင် ပေ ၂၀၀ ရှည် ဘေလီတံတား၊ မြို့သစ်၊ ကျွန်းပင်သာကျေးရွာနှင့် တုံးကျေးရွာကြားတွင် ပေ ၂၄၀ ရှည် နန်းသလက်တံတား၊ မင်းသာကျေးရွာနှင့် ကျွန်းပင်သာကျေးရွာကြားတွင် ပေ ၁၆၀ ရှည် ဘေလီတံတားတို့မှာလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

တမူးခရိုင်အတွင်း အိမ်ခြေ ၁၀၇၇ လုံး၊ အိမ်ထောင်စု ၁၁၇၃ စု ရေကြီးနစ်မြုပ်မှု ကြုံတွေ့ခဲ့ရာ နေအိမ် ၃၈၆ လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး လူဦးရေ ခြောက်ထောင်ကျော် ရေဘေးသင့်ခဲ့သည်။

“အရင်က ဒူးလောက်၊ ပေါင်လောက်ပဲ ရေဝင်လေ့ရှိပါတယ်။ အခုက မိုးကလည်းများပြန်တော့ တောင်ကျရေတွေနဲ့ရောပြီး ပြိုဆင်းလာတဲ့အတွက် ညွန်နုန်းတွေ အခုလိုဖြစ်သွားတာဖြစ်ပါတယ်”ဟု ကလေးမြို့ တွဲလက်များ ပရဟိတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးကဆိုသည်။

ရေဘေးသင့်ရပ်ကွက်၊ ကျေးရွာ ၁၄ ရွာမှ အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ပေးပို့ထောက်ပံ့သော ငွေကျပ်သိန်း ၅၀၀ ဖြင့် ဆန်အိတ် ၁၀၀၀ ဝယ်ယူ၍ ဝေငှပေးခဲ့သလို မင်းသမီးကျေးရွာမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ခုနစ်ဦးအား ငွေကျပ် ၁၇၅ သိန်း ထောက်ပံ့ပေးခဲ့ပြီး ကျန်ငွေကျပ် ၂၂၅ သိန်းကိုလည်း ရေဘေးသင့်ပြည်သူများအတွက် ခွဲဝေသုံးစွဲသွားမည်ဖြစ်ကြောင်း တမူးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ သိရသည်။

တမူးမြို့ပေါ်သည် ထိခိုက်မှုနည်းခဲ့သော်လည်း အောက်ဘက်ရှိ ရပ်ကွက်အချို့ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရကြောင်းကို “ကျွန်တော်ကိုယ်တိုင်လည်း ကလေးမြို့က ရေဘေးခံစားရသူပါ။ ဒါပေမယ့် အခု တမူးခရိုင်အတွင်းက ရေဘေးခံစားရတဲ့ အချို့ရွာလေးတွေအကြောင်းကို ကောင်းကောင်းသိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်တောင်မေ့ပြီး သူတို့အတွက် ခံစားရပါတယ်”ဟု တမူးခရိုင်အတွင်းရှိ ကျေးရွာများသို့ ယခင်က စာအုပ်လှူဒါန်းလေ့ရှိသူ ကဗျာဆရာ မောင်ကိုမောင်က ပြောသည်။

ယခုရေကျသွားပြီဆိုသော်လည်း ရွာလုံးကျွတ်ရွှံ့ညွန်များ ဖုံးလွှမ်းနေသဖြင့် နေရေးထိုင်ရေး၊ စားသောက်ရေးကအစ အခက်အခဲပေါင်းစုံဖြင့် ရင်ဆိုင်နေကြရရာ တမူးခရိုင်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ဆန်အိတ်များနှင့် ထောက်ပံ့ရေးပစ္စည်းမျိုးစုံတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့လှူဒါန်းခဲ့သည်။

ထို့ပြင် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဘီစကွတ်၊ နို့မှုန့်၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ငါးသေတ္တာ၊ ဆေးဝါးမျိုးစုံ၊ ဆပ်ပြာမှုန့်၊ ဒန်အိုး၊ ဒန်ခွက်၊ ပန်းကန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း၊ မိုးကာစနှင့် ဆိုလာမီးအိမ် စသည်တို့ကိုလည်း ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့ အစည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီနှင့်အလှူရှင်များကလည်း ပေးပို့လှူဒါန်းကြသည်။

“ကျွန်တော်တို့ နစ်မြုပ်တယ်ဆိုတာက ကိုယ့်အိမ်ကို သန့်ရှင်းရေးပြန်လုပ်ပြီး နေလို့ရသေးတယ်။ သူတို့ဆီက လမ်းပန်းဆက်သွယ်ရေးလည်း မလွယ်ကူဘူး။ တံတားတွေလည်း ကျိုးတဲ့အတွက် သူတို့ဒုက္ခရောက်တာဟာ ကျွန်တော်တို့ထက် အဆပေါင်းများစွာ ပိုပြီး ခက်ခဲတဲ့အတွက် သူတို့အဖို့က အားလုံးဝိုင်းကူမှ ရမှာဖြစ်ပါတယ်”ဟု ကလေးမြို့နေ တွဲလက်များ ပရဟိတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ယခုအခါ ရေကျသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းမှ ပြည်သူများသည် ကျေးရွာများရှိ နေအိမ်များသို့ ပြန်လည်ရောက်ရှိနေကြပြီဖြစ်ရာ ပြန်လည်ထူထောင်ရေးအနေဖြင့် လိုအပ်သည့် ရိက္ခာ၊ မျိုးစပါး၊ တိရစ္ဆာန်အစားအစာ၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများရရှိပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၊ သယ်ယူပို့ဆောင်ရေးလမ်းတံတားများ ပြုပြင်တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေး ပြန်လည်ချောမွေ့ရေး၊ စာသင်ကျောင်းများနှင့် ဆေးခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လျှပ်စစ်မီးရရှိရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တမူးမြို့သည် ကလေးမြို့နှင့် မိုင် ၈၀ ကျော်သာဝေးပြီး မြန်မာနှင့် အိန္ဒိယနိုင်ငံတို့ ဆက်သွယ်ရာ ကုန်သွယ်ရေးမြို့လေးအဖြစ် လူသိများကြသည်။လမ်းပန်းဆက်သွယ်ရေးလည်း ပြတ်တောက်ခဲ့ရသဖြင့် ရေဘေးဒဏ်ခံခဲ့ရသည့် တမူးမြို့လေး ပြန်လည်သက်ဝင်နိုးထရန် ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

## မုံရွာခရိုင်အတွင်းရှိ ချင်းတွင်းမြစ်ရေဝင်ဒေသများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**မုံရွာ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ မုံရွာခရိုင်အတွင်းမှ မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ်၊ ဘုတလင်မြို့နယ်နှင့် ယင်းမာပင်ခရိုင်အတွင်းရှိ ကနီမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်များအတွင်းရှိ ကျေးရွာများသို့ ချင်းတွင်းမြစ်ရေများ ဝင်ရောက်ခဲ့သည်။

ယခုအခါ ချင်းတွင်းမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် မြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် ဩဂုတ် ၂၀ ရက်က မုံရွာခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယခရိုင် ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မုံရွာပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများနှင့် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန် ဆရာမများ ပူးပေါင်း၍ ရွေ့လျားဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြစ်ရေကျဆင်းသွားပြီးနောက်တွင် ဖြစ်ပွားတတ်သည့် ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ကျေးရွာအတွင်းရှိ သောက်သုံးရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ စာသင်ကျောင်းဆောင်များတွင် ခြင်ဆေးဖျန်းခြင်းနှင့် ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးသည်။

**(ဖိုးချမ်း-မုံရွာ)**

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

## ကန့်ဘလူမြို့နယ်တွင် ရေဘေးသင့်ကျေးရွာရှိ တိရစ္ဆာန်များအား ဆေးကုသပေးလျက်ရှိ

**ကန့်ဘလူ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ရေဘေးသင့် ကျေးရွာများမှ တိရစ္ဆာန်များအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဇူလိုင် ၁၈ရက်မှ ဩဂုတ် ၂၀ရက်ထိ ဆေးကုသခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ခြံများဆေးဖျန်းခြင်းနှင့် တိရစ္ဆာန်အစာများ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ကျေးရွာများရှိ တိရစ္ဆာန်များအား ဆေးကုသပေးရာတွင် ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး စုစုပေါင်း ၅၉၆၇ ကောင်၊ ဒေါင့်သန်းရောဂါကာကွယ်ဆေး ၁၇၆၁ကောင်၊ ခွာနာလျှာနာရောဂါ ကာကွယ်ဆေး နွားအကောင် ၁၂၀ ၊ဝက်အကောင် ၁၂၀နှင့် ဆေးကုသပေးသော ကျွဲ၊ နွား ၃၄၃ကောင်၊ ဝက်၅၇၂ ကောင်၊ ခြံများ ဆေးဖျန်းခြင်းတွင် နွားခြံ ၂၉၀၊ ဝက်ခြံ ၃၈၆ ခြံနှင့် တိရစ္ဆာန်အစာ အိတ် ၂၂၀ တို့ကို ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ရေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၂**

စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Petroleum Trading Lao Public Company မှ တာဝန်ရှိသူများသည် ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၌ လာရောက် တွေ့ဆုံပြီး မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**




## ရေပိုလွှဲမှ ရေကျော်မှုကို အဟန့်အတားဖြစ်စေသည့် မျောပါသစ်တုံးနှင့် အမှိုက်များ ဆယ်ယူဖယ်ရှားပြီးဖြစ်၍ ရာဇဂြိုလ်ရေလှောင်တမံ ကန်တွင်းရေမှတ်ကျဆင်း

**နေပြည်တော် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းပြီးနောက် ကလေးမြို့နယ် ရာဇဂြိုလ်ရေလှောင်တမံတွင် ကန်တွင်းရေမှတ်မြင့်တက်ခြင်းနှင့်အတူ တမံ၏ရေဆင်းဧရိယာများမှ သစ်တုံးများနှင့် ဒိုက်အမှိုက်များ မျောပါကာ ရေပိုလွှဲတွင် ပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းသို့ ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့် ဒိုက်အမှိုက်များကို စက်ယန္တရားများဖြင့် ဩဂုတ် ၁ ရက်တွင် ဆယ်ယူဖယ်ရှားခဲ့ရာ ရေလှောင်တမံ၏ ကန်တွင်းရေမှတ် တဖြည်းဖြည်းကျဆင်းလာပြီး ဩဂုတ် ၂၁ ရက်တွင် တမံရေမှတ်မှာ RL ၆၄၁ ဒသမ ၅၀ ပေ ရှိပြီး ရေပိုလွှဲမှ ၁ ဒသမ ၅ ပေသာ ရေကျော်ကျလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



ရာဇဂြိုလ်ရေလှောင်တမံ ရေပိုလွှဲတွင် သစ်တုံးများ၊ အမှိုက်များ ပိတ်နေစဉ်။



ရာဇဂြိုလ်ရေလှောင်တမံ ရေပိုလွှဲတွင် ပိတ်နေသည့် သစ်တုံးများ၊ အမှိုက်များအား စက်ယန္တရားများဖြင့် ရှင်းလင်းနေစဉ်။

## ကလေးမြို့နယ်ရှိ ရာဇဂြိုလ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေပိုလွှဲမှရေကျော်ကျမှုအခြေအနေ

၂၀၁၅ ခုနှစ် ဇူလိုင်လလယ်ခန့်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် မိုးရေချိန်စံချိန်သစ်များဖြင့် ထူးကဲမိုးရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏ အရှိန်ကြောင့် ၂၈-၇-၂၀၁၅ ရက်နေ့မှစ၍ မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံနှင့်ရေလွှဲဆည်များတွင် စီးဝင်ရေများပြားလာပြီး ရေပိုလွှဲများမှ ရေကျော်ကျခြင်းများဖြစ်ပေါ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် တည်ရှိသည့် ရာဇဂြိုလ်ရေလှောင်တမံ၌ ၉-၇-၂၀၁၅ ရက်နေ့တွင် မိုးရေချိန် ၃ ဒသမ ၆၉ လက်မ ရွာသွန်းခဲ့သဖြင့် ၃နာရီတွင် ရေမှတ်မှာ (RL-၆၄၀. ၀၁) ပေသို့ရောက်ရှိလာပြီး ရေပိုလွှဲမှ သုည ဒသမ ၁၀ ပေခန့် ရေစတင်ကျော်လာခဲ့သည်။ ကန်တွင်းရေမှတ်မှာ နေ့စဉ်တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ၃၁. ၇. ၂၀၁၅ ရက်နေ့ ၁၂ နာရီတွင် အမြင့်ဆုံးရေမှတ် (RL-၆၅၃. ၆၀) ပေထိ ရောက်ရှိလာပြီး ရေပိုလွှဲမှ ရေကျော်ကျနေစဉ် တမံ၏ ရေဆင်းဧရိယာများမှ မျောပါလာသော သစ်တုံးများနှင့် ဒိုက်အမှိုက်အမြောက်အမြားမှာ ရေပိုလွှဲတွင် လာရောက်ပိတ်ဆို့မှုကြောင့် ရေပိုလွှဲမှ ရေကျော်မှုအား အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် ရေပိုလွှဲတွင် ပိတ်နေသော သစ်တုံးများကို စက်ယန္တရားများအသုံးပြု၍ ဆယ်ယူဖယ်ရှားပေးခဲ့ခြင်းဖြင့် ကန်တွင်းရေမှတ်မှာ တဖြည်းဖြည်းချင်း ကျဆင်းလာခဲ့သည်။ ၂၁-၈-၂၀၁၅ ရက်နေ့တွင် ရာဇဂြိုလ်တမံ၏ ရေမှတ်မှာ (RL-၆၄၁. ၅၀) ပေသာရှိတော့ပြီး ရေပိုလွှဲမှ (၁ ဒသမ ၅)ပေသာ ရေကျော်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




ရာဇဂြိုလ်ရေလှောင်တမံ ရေပိုလွှဲတွင် သစ်တုံးများ၊ အမှိုက်များ ရှင်းလင်းပြီးနောက် ရေကျော်ကျနေစဉ်။

# ရေကြီးနစ်မြုပ်ဒဏ်ခံရသည့်ဒေသများတွင် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်များ



ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများသို့ ပေးပို့သည့် လက်တွန်းထွန်စက်နှင့် ထွန်၊ ထယ်များကို တွေ့ရစဉ်။

## v, ,mu@wi t"uaqmi&uvsu&on vyie;rsm;

- ရေကျသည့် လယ်မြေများအား တစ်ကွက်ပေါ် တစ်ကွက်ထွန်စနစ်ဖြင့် ထွန်ယက်ပေးခြင်း၊
- ထွန်စက်ရှေ့ဂေါ်များဖြင့် သဲနုန်းများ ဖယ်ရှားပေးခြင်း၊
- ရေနစ်မြုပ်သွားသော တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများ ပြုပြင်ပေးခြင်း၊



ကောလင်းမြို့နယ် ရေနစ်မြုပ်လယ်မြေများအား ထွန်ယက်ပေးရန် လယ်ထွန်စက်များ ရောက်ရှိလာစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရေနစ်မြုပ်နယ်မြေများ ထွန်ယက်ရန် လယ်ထွန်စက်များ ရောက်ရှိလာစဉ်။



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေကြီးနစ်မြုပ် လယ်မြေများအား ထွန်ယက်ပေးနေမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ရောက်ရှိလာသော လက်တွန်းထွန်စက်များကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ထိုမာကျေးရွာ လမ်းပေါ်မှ နုန်းများ ဖယ်ရှားဆောင်ရွက်ပေးနေစဉ်။




ကလေးမြို့သို့ ပို့ဆောင်မည့် ထွန်စက်များအား မုံရွာဆိပ်ကမ်းတွင် တွေ့ရစဉ်။

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၀၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၃၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၂. ၃၆' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၉၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၄. ၄၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၄၀' |
| ၈။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၅၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၃၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၂၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၈၀' |
| ၁၂။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၀၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၉၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၂၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၀။ | ဇလပ်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၆၆' |
| ၂၂။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၃၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၅၀' |
| ၂၅။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၅၀' |
| ၂၆။ | ဘော်ဘင်ရေလှောင်တမံ(၁) | ၉၇၆၄၆ | ၀. ၂၀' |
| ၂၇။ | ဘော်ဘင်ရေလှောင်တမံ(၂) | ၂၆၅၈၈ | ၀. ၃၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၃၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၀။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၄၀' |
| ၃၁။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၂။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၂၀' |
| ၃၃။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၅၀' |
| ၃၄။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၃၀' |
| ၃၅။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၀၅' |
| ၃၆။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၃၀' |

(သတင်းစဉ်)

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများ ရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း ၂၀၁၅ ခုနှစ် ဩဂုတ်(၂၂)ရက်**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၅၁၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၈၀၁၁ | ၁၈၁၉၂၉ | ၁၄၅၄၅၅ | ၁၁၇၅၁၉ | ၃၀၀၆၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၂၄၅၉၉ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၆၈၅၄ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၈၃၆၃၈ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၆၈၃၃၁ | ၆၆၇၇၁ | ၂၀၄၆၃ | ၂၁၁၂ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၄၉ | ၃၈၂၉ | ၂၆၁၉ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၁၅ | ၁၆၈၆၈၀ | ၁၅၄၄၈၆ | ၈၆၂၁၄ | ၇၃၅၁ |
| | စုစုပေါင်း | ၁၄၄၃၈၉၂ | ၁၂၄၇၇၀၈ | ၉၉၄၅၃၂ | ၆၇၈၆၈၇ | ၂၆၀၅၂၇ |



**ပေါင်မြို့နယ် ဇင်းကျိုက်မြို့နှင့် ကျေးရွာအချို့တွင် ရေကြီးမှုဖြစ်ပွား**

**ပေါင် ဩဂုတ် ၂၂**

ပေါင်မြို့နယ် ဇင်းကျိုက်မြို့နှင့် ကျေးရွာအချို့တွင် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇင်းကျိုက်တောင်ကြောပေါ်မှ တောင်ကျရေများ တစ်ဟုန်ထိုးစီးဆင်းလာပြီး ဇင်းကျိုက်မြို့ အနိမ့်ပိုင်းရပ်ကွက်များ၊ ကျေးရွာအချို့နှင့် ရန်ကုန် - မော်လမြိုင် အဝေးပြေး ကားလမ်းမကြီးပေါ်တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် အဝေးပြေးကားလမ်းမပေါ်တွင် ယာဉ်အသွားအလာများ ခေတ္တရပ်ဆိုင်းသွားခဲ့သည်။

အဆိုပါ ရေလွှမ်းမိုးရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့စည်းများရောက်ရှိလာပြီး မော်တော်ယာဉ်နှင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါရေလွှမ်းမိုးမှုကြောင့် လူနှင့်တိရစ္ဆာန်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သဘာဝဘေး
စုပေါင်းကာကွယ်ပေး

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၂၂-၈-၂၀၁၅)

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၂ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ် ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၀၅၂၇၁ စုမှ လူဦးရေ ၁၆၃၀၈၇၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ် အစားအစာတန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၇၈၆၅၅၅၀ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၁၀၄၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၈၀၃၈၂၉၃၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။ (သတင်းစဉ်)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၂၂)ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၀၆ | ၆၅၆၈၆ | ၃၉၉၅၆၇ | ၁၉ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၆၀၀၀၀၀ | ၁၂၈၃၂၂၇၁၀ | |
| ၂။ | ကချင်ပြည်နယ် | ၅၃ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၄၈၆ | ၇၆၁၁ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၇၅၅ | ၁၅၆၁၂ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၇၈၉ | ၄၀၄၂ | ၂၀၄၄၉ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၃ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၆၀ | ၁၂၁၇၆၃ | ၅၀၅၇၆၁ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၀၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၂၁၁ | ၆၃၄၀၁ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | ပေါင်း | ၁၇၈၁၂ | ၃၈၄၉၀၈ | ၁၆၁၅၉၆၄ | ၁၁၀ | ၁၀၂၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၁၈၀၈၉၀၀၀၀ | ၃၁၂၁၅၉၉၇၀ | ၉၇၀၀၀၀၀ | ၆၁၆၃၃၇၁၂၀ | |
| | ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ စုစုပေါင်း | ၁၈၂၁၇ | ၃၈၇၀၅၄ | ၁၆၃၀၈၇၅ | ၁၁၇ | ၁၀၅၆၈၃၁၅၀ | ၁၅၂၄၄၂၃၀ | ၂၂၁၁၉၀၀၀၀ | ၃၂၇၈၆၅၅၅၀ | ၁၀၄၀၀၀၀၀ | ၆၈၀၃၈၂၉၃၀ | |

# မြန်မာနိုင်ငံ၏ရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်လျက်ရှိသည့် PACE အဖွဲ့မှပြောသည့် ရွေးကောက်ပွဲကာလအတွင်း ကြုံတွေ့နိုင်သည့် အခက်အခဲများ



ဦးစိုင်းရဲကျော်စွာမြင့်

တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

**မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင်လ ၈ ရက်တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ မဲဆန္ဒနယ်ပြင်ပတွင် ရက်ပေါင်း ၁၈၀ အထက် နေထိုင်ကြသူများအား မဲပေးပိုင်ခွင့်ရရှိစေရန်အတွက် ပုံစံ (၃-က)ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်အထိ နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း ဩဂုတ် ၁၉ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နှိုးဆော်အသိပေးထားပြီဖြစ်သည်။**

တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကြေညာခြင်း အပါအဝင် ၂၀၁၅ ရွေးကောက်ပွဲဖြစ်စဉ်၏ အားသာချက်၊ အားနည်းချက်များကို ပြည်တွင်း၊ ပြည်ပအရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ရေရှည်လေ့လာစောင့်ကြည့်မှုပြုလျက်ရှိပြီး အစီရင်ခံစာများ ထုတ်ပြန်သွားကြမည် ဖြစ်သည်။

ထို့ကြောင့် တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းကြေညာချိန်မှစတင်ကာ ရွေးကောက်ပွဲဖြစ်စဉ်အား စောင့်ကြည့်လေ့လာမှုပြုလုပ်မည့် PACE မှ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်အား တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည်-

**မေး။ ။ မကြာခင်မှာ တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကြေညာတော့မယ်။ အစ်ကိုတို့ PACE က အလုံနဲ့ တီးတိန်မှာ မဲစာရင်းရှေ့ပြေး စီမံချက်ပြုလုပ်ခဲ့စဉ်က လေ့လာစောင့်ကြည့်မှုလုပ်ပြီးအစီရင်ခံစာရေးတော့ ဘာတွေတွေ့ရလဲ။ ဘယ်လိုပြုပြင်သင့်ပါသလဲ။**

ဖြေ။ ။ အလုံနဲ့ တီးတိန်မှာ ကျွန်တော်တို့ စောင့်ကြည့်လေ့လာခဲ့တဲ့တွေ့ရှိချက်မှာလည်း အစိုးရရဲ့ ဌာနတစ်ခုနဲ့တစ်ခုအတွင်း ချိတ်ဆက်ဆောင်ရွက်မှုတွေ သေချာလုပ်ဖို့လိုတယ်။ မှတ်ပုံတင်မရှိတာက လ. ဝ. ကနဲ့ ဆိုင်တယ်။ ရွေးကောက်ပွဲကော်မရှင်မှာ လ. ဝ. က ကော၊ ထွေ/အုပ်ကောပါတယ်။ ဒီတော့သူတို့သုံးခုရဲ့ကြားမှာ သေသေချာချာ Link လုပ်မယ့် Mechanism တစ်ခုကိုရှာဖွေဖို့လိုတယ်။ ဒီလိုမရှိရင် ဒါက ပြဿနာအကြီးကြီးဖြစ်နေမှာပဲ။

ဒါကရေရှည်မှာဥပဒေပိုင်းဆိုင်ရာ၊ နည်းဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အကြီးကြီးလုပ်ရမယ့်ကိစ္စပဲ။ ဒါဟာ **ရွေးကောက်ပွဲကော်မရှင်မှာတာဝန်ရှိသလို ဥပဒေပြုရေးကိုလုပ်နေကြတဲ့ နိုင်ငံရေးပါတီတွေမှာလည်း တာဝန်ရှိတယ်။** ကြိုတင်မဲကိစ္စ၊ ပြည်ပရောက်နေတဲ့ ရွှေ့ပြောင်းလုပ်သားတွေ၊ နိုင်ငံတွင်းမှာရှိနေတဲ့ ရွှေ့ပြောင်းလုပ်သားတွေ ကိစ္စအတွက်ကတော့ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အကြီးကြီးတစ်ခုလုပ်ရမယ်။ လက်ရှိ နိုင်ငံရေးပါတီတွေနဲ့ ရွေးကောက်ပွဲကော်မရှင်နဲ့ ပေါင်းပြီးတော့ ဒါကိုဘယ်လိုမျိုးရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၉၀ မှာ အဖြေရှာနိုင်ရင်တော့ အကောင်းဆုံးပါ။ အဖြေမရှာနိုင်ရင်တော့ မကောင်းဘူး။ မဲပေးရာမှာကျန်ခဲ့တဲ့သူတွေလည်း ရှိနေမှာပဲ။ ဒါတွေကိုတော့ နောက်ပိုင်းမှာ အများကြီး ပြင်ဆင်ရမယ်။

**မေး။ ။ မဲဆန္ဒနယ်ပြင်ပမှာရက်ပေါင်း ၁၈၀ နဲ့ အထက်နေထိုင်သူတွေ မဲပေးဖို့ ကိစ္စတွေအတွက် ဘယ်လိုမြင်ပါသလဲ။ ဘယ်လိုအခက်အခဲတွေရှိလာနိုင်ပါသလဲ။**

ဖြေ။ ။ ရွေးကောက်ပွဲကော်မရှင်ရဲ့ ခန့်မှန်းလျာထားချက်လမ်းညွှန်မှာတော့ ရက်ပေါင်း ၁၈၀ နေထိုင်တဲ့သူလို့ ပြောတယ်။ ဥပဒေကို ပြန်ကြည့်တော့ မဲဆန္ဒရှင် ပြင်ပမှာရက်ပေါင်း ၁၈၀ ရောက်နေတဲ့သူလို့ ပြောတယ်။ ဥပမာဆိုပါစို့။ ကျွန်တော့်ရဲ့ မဲစာရင်းကပဲခူးမှာရှိတယ်။ ကျွန်တော့်ရဲ့ ရုံးကတာဝန်ပေးလို့ ကျွန်တော်က နယ်ကိုထွက်ရမယ်။ တောင်ငူမှာနှစ်လကြာမယ်။ မြင်းခြံမှာ နှစ်လထပ်နေမယ်။ ကျောက်ပန်းတောင်းမှာ နှစ်လထပ်နေမယ်။ ဒါပေမယ့် ကျွန်တော်ကမဲပေးရမယ့် အချိန်မှာ ကျောက်ပန်းတောင်းကို ရောက်နေတယ်။ မေးခွန်းက ကျွန်တော်ထွက်လာတဲ့နေရာကရက်ပေါင်း ၁၈၀ ကိုပြောတာလား။ တစ်နေရာတည်းမှာ ရက်ပေါင်း ၁၈၀ နေရမှာကိုပြောတာလား။ အဲ့ဒီလိုမျိုးမေးခွန်းထုတ်စရာ ဖြစ်နေတယ်။ ဥပဒေအရ မဲဆန္ဒရှင်က ပြင်ပမှာရက်ပေါင်း ၁၈၀ ရောက်နေတယ်လို့ ပြောတယ်။ နောက်ဆုံးညွှန်ကြားချက်မှာကျတော့ မဲဆန္ဒနယ်ပြင်ပရဲ့ ကိုယ်ရောက်နေတဲ့နေရာမှာ ရက်ပေါင်း ၁၈၀ ရှိရမယ်ပြောတယ်။ ပြည်သူလူထုကတော့ ဘယ်လိုနားလည်သလဲမသိဘူး။ အောက်ခြေမှာရှိတဲ့ ဝန်ထမ်းတွေကကော ဘယ်လိုနားလည်ထားသလဲ၊ ဒါကိုရှင်းရှင်းလင်းလင်းသိအောင်ညွှန်ကြားချက်ပေးဖို့ ပြောထားဖို့လိုတယ်။ ဥပဒေတွေကတော့ စကားလုံးတွေအပေါ်မှာရေးသားထားတာဆိုတော့ အမြဲရှုပ်ထွေးနေမှာပဲ။

အရေးကြီးတာက တိတိကျကျ ပြောထားမှ အောက်ခြေကဝန်ထမ်းတွေ သိမယ်။ အောက်ခြေဝန်ထမ်းတွေကို တိတိကျကျ သင်တန်းတွေပေးထားမယ်။ နားလည်သဘောပေါက်မယ်ဆိုရင်တော့ ပြဿနာတွေက ပိုပြီးလျော့ကျနိုင်ပါတယ်။ ရွေးကောက်ပွဲဖြစ်စဉ်နဲ့ပတ်သက်ပြီး ကော်မရှင်အနေနဲ့ အသေးစိတ်လုပ်ရတာဒါပထမဆုံးအကြိမ်ပဲလို့ယူဆတယ်။ နိုင်ငံရေးပါတီတွေနဲ့ ကျွန်တော်တို့အတွက်ကလည်း ပထမဦးဆုံးအကြိမ်ပဲ။ ဒီနေရာမှာတစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုကလည်းနည်းကြတယ်။ နိုင်ငံရေးပါတီတွေကလည်း ကော်မရှင်အပေါ်မှာ မယုံကြည်ဘူး။ ကော်မရှင်ကလည်း နိုင်ငံရေးပါတီပေါ်မှာမယုံကြည်ဘူး။ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ကော်မရှင်လည်း ဒီပုံစံပါပဲ။ အားလုံးက နိုင်ငံရေးအကဲဆတ်မှုအပေါ်မှာ အခြေခံပြီး ပြောကြတဲ့အခါကျတော့ ပိုပြီးရှုပ်ထွေးလာတာပါ။

**မေး။ ။ မကြာခင်အချိန်မှာကြေညာမယ့် တစ်နိုင်ငံလုံးမှာရှိတဲ့ မဲပေးနိုင်တဲ့သူတွေရဲ့ မဲဆန္ဒရှင်စာရင်းကြေညာမှုနဲ့ပတ်သက်ပြီး ဘာများပြောလိုပါသလဲ။**

ဖြေ။ ။ အခုရေဘေးကိစ္စဖြစ်တယ်။ အခုမဲစာရင်းမကပ်နိုင်သေးဘူး။ ဘယ်လိုလုပ်မလဲဆိုတာအလွယ်ကူဆုံးနဲ့ အရှင်းလင်းဆုံးဖြစ်အောင် ပြည်သူကိုပြောဖို့ပဲ။ အရပ်ဘက်လူ့အဖွဲ့အစည်းကို ပြောတာကောင်းတယ်။ သူကတော့ တတ်နိုင်သမျှပြောတာပဲ။ ဒါပေမယ့် အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ ဆက်စပ်နေသူကပဲနားလည်တယ်။ ပုံမှန်တော့ နားမလည်ဘူး။ ကားပေါ်မှာ FM တွေဘာတွေကပြောနေတာ ကျွန်တော်တို့ကြားတယ်။ ပြည်သူကအသိတော့ရှိလာပြီ။ ဒီတစ်ခေါက်ကပ်လာရင် သွားကြည့်ကြမယ်။ နောက်တစ်ခုကပိုပြီးစိုးရိမ်ပူပန်မှုများတာ ဖြစ်နိုင်တယ်။ ကော်မရှင်ရဲ့ အချိန်ဇယားလုပ်ဆောင်ချက်တွေကို ပိုပြီးတော့ ရှင်းရှင်းလင်းလင်းပြောရင် ပြည်သူက ပိုပြီးစိတ်ချလက်ချနေလို့ရပါတယ်။

ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဒီတစ်ခေါက်မဲစာရင်းကပ်တော့မယ်ဆိုရင် ဘယ်လိုအဆင့်တွေကို ဘယ်လိုလုပ်မယ်။ ဘယ်လိုသွားမယ်ဆိုတာ အများပြည်သူသိအောင် တိတိကျကျရှင်းပြဖို့လိုတယ်။ ပြဿနာဖြစ်တော့မှ ဒါကတော့ ဒီလိုဖြစ်တာပါ။ ဒါကတော့ ဒီလိုကြောင့်ပါဆိုတော့ မလိုအပ်ဘဲနဲ့ပြောတဲ့အခါကျတော့ ပြည်သူလူထုကြားထဲမှာလည်း ရှုပ်ထွေးမှုတွေဖြစ်တယ်။ ကျွန်တော်တို့အချင်းချင်းကြားထဲမှာလည်း ရှုပ်ထွေးမှုတွေ ပိုပြီးတော့ဖြစ်စေတယ်။ အခုမဲစာရင်းကမကပ်သေးဘူး။ အချိန်ရသေးတယ်။ ပြီးခဲ့တဲ့အခေါက်တွေက ကပ်ခဲ့တာကိုအချိန်ယူပြီးတော့မှ မဲစာရင်းဘယ်နှကြိမ် ထပ်ကပ်ဦးမှာလဲ။ ဘယ်အချိန် ဘယ်အရာတွေက လုပ်ဖို့လုံးဝ လိုအပ်တယ်ဆိုတာမျိုးပါ။ ဒါကတော့ ပြင်ဆင်ဖို့အတွက် နောက်ဆုံးပဲဆိုတာပါ။ ရွေးကောက်ပွဲနားနီးရင်လည်း နောက်ဆုံးတစ်ကြိမ် ထပ်ကပ်မယ်။ **မဲပေးဖို့ မဲစာရင်းမပါရင် မဲပေးလို့မရဘူး။ ခြွင်းချက်တစ်ခုရှိတယ်။ လူအုပ်စုလိုက်ကျန်ခဲ့တယ်။ တစ်ရွာကျန်တယ်။ နှစ်ရွာသုံးရွာကျန်တယ်ဆိုရင် ရွေးကောက်ပွဲမတိုင်ခင်၊ မဲမပေးခင် တစ်ပတ်အလိုထိ ပြင်လို့ရတယ်။ အဲ့ဒါကိုတော့ ခရိုင်ကပဲပြင်လို့ရမယ်။ မြို့နယ်/ရပ်/ကျေးပြင်လို့မရဘူး။ သာမန် မဲပေးသူ တစ်ဦးစ၊ နှစ်ဦးစအတွက်တော့ အခုတစ်ခေါက်က နောက်ဆုံးပဲ။**

**မေး။ ။ ရွေးကောက်ပွဲမှာ PACE အနေနဲ့ ဘယ်လိုလေ့လာစောင့်ကြည့်မှုမျိုးလုပ်မလဲ။ ဘယ်လိုပါဝင်မလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ရွေးကောက်ပွဲမတိုင်ခင် အပိုင်းနှစ်ပိုင်းနဲ့ ရွေးကောက်ပွဲနေ့အတွက် တစ်ပိုင်းဆိုတော့ စီမံချက် (၃)ခုနဲ့ သွားပါမယ်။

ပထမဆုံး ကျွန်တော်တို့ကသူတို့ ဩဂုတ်လ နှောင်းပိုင်းမှာကပ်မယ့် တစ်နိုင်ငံလုံးအခြေခံမဲဆန္ဒရှင် စာရင်းကပ်တာကိုစောင့်ကြည့်မယ်။ ကျွန်တော်တို့ စောင့်ကြည့်မယ့်ဟာက အချက်အလက်တွေ ဘယ်လိုမှားယွင်းသလဲ။ ဘယ်သူတွေကျန်ခဲ့သလဲ။ ပါသင့်တဲ့သူတွေပါရဲ့လား။ မပါသင့်တဲ့လူတွေ ပါနေလားဆိုတာတွေကိုတော့ ကြီးကြီးမားမားရှာဖွေနိုင်မှာမဟုတ်ဘူး။ ဒီတစ်ခေါက် ပိုပြီးအာရုံစိုက်တာက အခုရှိထားတဲ့ဥပဒေ၊ နည်းဥပဒေ၊ ဥပဒေမူဘောင်တွေ၊ လုပ်ထုံးလုပ်နည်းတွေဟာ တကယ်ပဲ မဲဆန္ဒရှင်တွေရဲ့ အချက်အလက်တွေကိုသွားပြီးတော့ ပြုပြင်တာပဲဖြစ်ဖြစ်၊ ဖြည့်စွက်တာပဲဖြစ်ဖြစ်၊ ဖြုတ်တာပဲဖြစ်ဖြစ် ဘယ်လောက်သွားပြီးတော့ အဆင်ပြေပြေဖြစ်သလဲ။ ဘယ်အရာတွေကအားသာချက်၊ ဘယ်အရာတွေကအားနည်းချက်ဖြစ်မလဲဆိုတာကို ကြိုးစားရှာဖွေသွားမယ်။ နောက်ပြည်သူလူထုကိုယ်တိုင်ကကော ဒီဖြစ်စဉ်မှာ ဘယ်လောက်အထိ စိတ်ပါဝင်စားမှုရှိသလဲဆိုတာကို နည်းနည်းပါးပါးရှာဖွေမယ်။ လောလောဆယ်မှာတော့ ကျွန်တော်တို့ PACE အနေနဲ့ ဒီဖြစ်စဉ်ကိုပိုပြီးတော့ အာရုံစိုက်တယ်။

**မေး။ ။ အစီရင်ခံစာတွေကို ဘယ်အချိန်လောက်မှာထုတ်ပြန်မှာပါလဲ။**

ဖြေ။ ။ ကနဦးအစီရင်ခံစာကို ရွေးကောက်ပွဲပြီးလို့ ၄၈ နာရီအတွင်းမှာထုတ်ပြန်မယ်။ ယေဘုယျ ကိန်းဂဏန်းတွေပါဝင်မယ်။ နိုင်ငံတကာထုံးစံလိုပါ။ အပြီးသတ် အစီရင်ခံစာကိုအနည်းဆုံးတစ်လအတွင်းမှာ ကျွန်တော်တို့ ထုတ်ပြန်မယ်။ ကျွန်တော်တို့ကအစီရင်ခံစာကို နှစ်မျိုးစဉ်းစားထားပါတယ်။ တစ်မျိုးကတော့ စောင့်ကြည့်ရေးကာလ ပြီးဆုံးတဲ့အခါမှာ တွေ့ရှိချက်တွေကို အများပြည်သူသိအောင် ထုတ်ပြန်သွားမယ်။ တစ်ချိန်တည်းမှာပဲ စောင့်ကြည့်နေစဉ်ကာလအတွင်းမှာ အရေးကြီးကိစ္စမျိုးတွေ ရှိလာမယ်ဆိုရင် (မဲစာရင်း ဖြစ်စဉ်၊ ရွေးကောက်ပွဲ ဖြစ်စဉ်တို့ကို ထိခိုက်နိုင်မည့်အကြောင်းများစသည်ဖြင့်) တွေ့ရှိလာမယ်ဆိုရင် ကျွန်တော်တို့ရဲ့စောင့်ကြည့်လေ့လာမယ့်သူတွေ ရန်ကုန်ရုံးကို ပို့ပေးဖို့ ပုံစံတစ်ခုသက်သက်လုပ်ထားပါတယ်။ အဲ့ဒီပုံစံကို ဖြည့်စွက်ပြီး ကျွန်တော်တို့ဆီ မြန်နိုင်သမျှ မြန်မြန်ပို့ဖို့ ပြောထားတယ်။ ဒီအဖြစ်အပျက်က ချက်ချင်းအကြောင်းကြားသင့်လား။ အရေးယူဆောင်ရွက်မှုတွေ လုပ်ဖို့လိုလားဆိုတာကိုကြည့်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေဆီပို့မယ်။ လောလောဆယ်တော့ သတင်းထုတ်ပြန်မှု၊ အရေးယူဆောင်ရွက်မှု အဲ့ဒီပုံစံနှစ်မျိုး စဉ်းစားထားပါတယ်။

**ကျေးဇူးတင်ပါတယ် အစ်ကို**

PACE အဖွဲ့သည် ရွေးကောက်ပွဲအားစောင့်ကြည့်လေ့လာရာတွင် လက်ရှိရွေးကောက်ပွဲမတိုင်မီကာလများအတွင်း အပိုင်းနှစ်ပိုင်းထားကာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်ပေါင်း ၁၁၀ တွင် စောင့်ကြည့်သူ ၁၁၀ ဖြင့် စောင့်ကြည့်လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့ နိုဝင်ဘာ ၈ ရက်တွင် အပိုင်းတစ်ပိုင်းထား၍ လူအင်အား ၂၀၀၀ ကျော်ဖြင့် တစ်နိုင်ငံလုံးရှိ မဲရုံများတွင် စောင့်ကြည့်သွားမည်ဖြစ်ကြောင်းသိရသည်။ PACE အဖွဲ့သည် လေ့လာစောင့်ကြည့်ရာတွင် နိုင်ငံပေါင်း ၅၀ ကျော်တွင် အသုံးပြုနေသည့် မဲရုံများကိုနမူနာရွေးထုတ်ပြီး လေ့လာစောင့်ကြည့်သည့် Systematic Observation (နည်းစနစ်ဖြင့် စောင့်ကြည့်လေ့လာခြင်း) နည်းလမ်းကို အသုံးပြုမည် ဖြစ်သည်။

---

❐ စာမျက်နှာ ၆ မှ

အဆိုပါ ဥပဒေကြမ်းဆွေးနွေးသင့်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက **"တကယ်တော့ တစ်ရာခိုင်နှုန်းက တိုင်တာပဲဗျာ။ လုံလောက်ပါပြီ။ ဒီလိုတစ်ရာခိုင်နှုန်းရဲ့ တိုင်တန်းချက်ကိုတောင် လက်မခံနိုင်ရလောက်အောင် သူတို့လုပ်ရပ်က အာမခံချက်မရှိတော့ဘူးလား၊ မှတ်ကျောက်တင်လို့မရဘူးလား။ လစာတိုးဖို့ အကျိုးရှိတော့ညီခဲ့ကြပြီး ကိုယ့်ကိုပြည်သူက ပြန်ထိန်းမယ့် ဥပဒေကျတော့ လက်မခံဘူးဆိုတော့ အင်မတန် ရှက်စရာကောင်းပါတယ်"**ဟု မဲခွဲဆုံးဖြတ်မှုတွင် ၎င်း၏ အဆိုရှုံးနိမ့်ခဲ့ခြင်းအပေါ် လွှတ်တော်ဆွေးနွေးပွဲများအပြီး၌ ဝေဖန်သုံးသပ်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်တွင် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ယင်းဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီးမှ အတည်ပြု ဆောင်ရွက်သင့်ကြောင်းဆွေးနွေးခဲ့ပြီး မြန်မာ့ဒီမိုကရေစီဖော်ဆောင်မှု မည်မျှခိုင်မာကြောင်းကို လွှတ်တော်များက သက်သေပြရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်သို့သွားနေသည့် မိမိတို့နိုင်ငံတွင် နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်ကို အပြန်အလှန်ထိန်းညှိရေးနှင့် လွှတ်တော်အတွင်းတည်ငြိမ်မှုကို လွှတ်တော်ကိုယ်စားလှယ်များကသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်း၏အဆိုတွင် ထည့်သွင်းပြောကြားသည်။

**"မဲဆန္ဒရှင်တွေကတော့ လွှတ်တော်ကိုယ်စားလှယ်တွေကို ယုံယုံ ကြည်ကြည်နဲ့ ရွေးချယ်လိုက်တယ်။ ရွေးချယ်ပေးလိုက်တဲ့ မဲဆန္ဒရှင်တွေကိုတော့ မယုံကြည်သလို ဖြစ်နေတယ်"**ဟု မဲဆန္ဒရှင်များ၏ တိုင်တန်းချက်များကို လွှတ်တော်ကိုယ်စားလှယ်အချို့ စိုးရိမ်နေကြခြင်းအပေါ် ဦးမြင့်နိုင်က ဆိုသည်။

**၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၇ တွင် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊ နုတ်ထွက်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းဟူ၍ ပါဝင်ပြီး ပြည်သူ့လွှတ်တော် ဥပဒေအမှတ်-၁၃ အဖြစ် ပြည်သူများ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဥပဒေကို ၁၉၇၅ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။**

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူ၍ တစ်ပါတီစနစ်ကျင့်သုံးခဲ့သည့် ၁၉၇၀ ပြည့်လွန်နှစ်ကာလများကပင် ပြည်သူများ ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များကို ပြန်လည်ရုပ်သိမ်းနိုင်သည့် ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သော်လည်း ယနေ့ကဲ့သို့ ပါတီစုံဒီမိုကရေစီ စနစ်ကျင့်သုံးနေချိန် လွှတ်တော်သက်တမ်းငါးနှစ်တာကာလအတွင်း "Right to Recall" ဥပဒေပြဋ္ဌာန်းနိုင်ခြင်း မရှိရသည့် အကြောင်းရင်းမှန်ကို ပြည်သူသို့ အဖြေပေးဖို့ လိုအပ်နေပြီဖြစ်သည်။**

ပြည်သူက ယုံကြည်စွာ ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများယုံကြည်စေမည့် အရည်အချင်းများကို ဖော်ထုတ်ပြီး ပြည်သူများ၏ ယုံကြည်ထောက်ခံမှုကို ဆက်လက်ရယူနိုင်အောင် ကြိုးပမ်းကြမည်ဟု မျှော်လင့်မိပါကြောင်း။ ။

---

## ကလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကလေးမြို့ အထက(၁)တွင် သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်

**ကလေး ဩဂုတ် ၂၂**

ကလေးတက္ကသိုလ်တွင် တက်ရောက်နေသော သိပ္ပံနှင့်ဝိဇ္ဇာအထူးပြုဘာသာရပ်များမှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယမန်နေ့က ကလေးမြို့ အထက(၁)တွင် သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

## ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများအတွက် အသုံးအဆောင်ပစ္စည်းများလှူဒါန်း

**နေပြည်တော်  ဩဂုတ်  ၂၂**

ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့် ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသည့် သင်္ကန်းအစုံ ၅၀၀၊ သီလရှင်ဝတ်စုံ ၅၀၊ သပိတ်အလုံး ၂၀၀၊ ဖိနပ်အရံ ၂၀၀၊ သုံးဆင့်စတီးချိုင့် ၁၀၀၊ စတီးဇွန်းဒါဇင် ၅၀ တို့ကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအရိယဝံသ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းထံသို့ သာသနာရေးဝန်ကြီးဌာန(ကိုယ်စား) ရခိုင်ပြည်နယ် သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးဖြိုးဇော်ဇော်က လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးတို့တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ရေဘေးသင့်ပြည်သူများ စိတ်အထောက်အကူပြုရေး စိတ်-လူမှုဆက်ဆံရေးဆိုင်ရာသင်တန်း ဖွင့်လှစ်ပို့ချ

**ရန်ကုန်  ဩဂုတ်  ၂၂**

မြန်မာနိုင်ငံစိတ်ပညာအသင်းက ကြီးမှူး၍ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးတွင် ပါဝင်ကူညီဆောင်ရွက်ကြမည့် လူမှုရေးအသင်းအဖွဲ့များနှင့် စိတ်ဝင်စားကြသူများ လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြရာတွင် အထောက်အကူပြုစေရန် စိတ်-လူမှု ဆက်ဆံရေးဆိုင်ရာထောက်ပံ့ကူညီမှုသင်တန်း (Psychosocial Support Training Workshop) အပတ်စဉ်(၂)ကို ဩဂုတ် ၂၀ ရက် နံနက် ၉နာရီက လမ်းမတော်မြို့နယ်(၉)လမ်း အမှတ် (၂၁)ရှိ အသင်းရုံးခန်း၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ဦးအုန်းလှိုင်(အထက်တန်းစိတ်ပညာရှင်)၊ ပါမောက္ခ(ငြိမ်း) ဒေါက်တာခင်မြင့်၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာပါမောက္ခ/ဌာနမှူး ဒေါက်တာနီလာကြူနှင့် တွဲဖက်ပါမောက္ခ(ငြိမ်း) ဒေါ်သက်ထားဝင်းတို့က ပို့ချကြပြီး သင်တန်းသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ခြောက်ဦး၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်ကြမည့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ဆရာ ဆရာမများ၊ စိတ်ပညာကျောင်းသား ကျောင်းသူ ခြောက်ဦး၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်စိတ်ပညာဌာန ဆရာမ ခြောက်ဦး၊ နှစ်ခြင်းအသင်းချုပ်မှ လေးဦးနှင့် အခြား NGO များနှင့် စိတ်ပညာ စိတ်ဝင်စားသူ ၁၂ဦး စုစုပေါင်း ၄၀ တက်ရောက်ကြသည်။

သင်တန်းကာလမှာ နှစ်ရက်ဖြစ်ပြီး သင်တန်းများကို စဉ်ဆက်မပြတ် စက်တင်ဘာ ၄ ရက်အထိ (၆)ကြိမ်ဆက်တိုက် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့ပြင် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးတွင် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာနီလာကြူ ခေါင်းဆောင်သော ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၃၀ နှင့် မကွေးတက္ကသိုလ်မှ ဆရာမ နှစ်ဦး စုစုပေါင်း ၃၂ဦးတို့သည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်နှင့် စေတုတ္တရာ မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများထံသို့ ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ ခုနစ်ရက်ကြာ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဆင်ရိုင်းအနင်းခံရသည့် ဖက်တောကျေးရွာမှ တောင်သူတစ်ဦး မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိ

**မိတ္ထီလာ ဩဂုတ်  ၂၂**

မိတ္ထီလာမြို့နယ် ညောင်ပင်လျှိုကျေးရွာအုပ်စု ဖက်တောကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ယာခင်းအတွင်း၌ ဆင်ရိုင်းတစ်ကောင်၏ အနင်းခံရသည့် ဒေသခံတောင်သူ ဦးကျော့အောင်သည် မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိပြီး အသက်အန္တရာယ် စိုးရိမ်စရာမရှိကြောင်း သိရသည်။

“ဆင်ရိုင်းနင်းခံရသူကို ယမန်နေ့ညနေပိုင်းက မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးကို သွားပို့ခဲ့ပါတယ်။ အသက်အန္တရာယ်စိုးရိမ်စရာ မရှိပါဘူး။ ဒီနေ့နံနက်ပိုင်းအထိ ဆီးမသွားနိုင်တာကလွဲရင် ဘာဒဏ်ရာမှ မတွေ့ရပါဘူး”ဟု ညောင်ပင်လျှိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ပင်လျှိုကျေးရွာအုပ်စု ဖက်တောကျေးရွာ အနောက်ဘက် သုံးမိုင်ခန့်အကွာတွင်ရှိသည့် ဖက်တော ချောင်းအနီးသို့ တောဆင်ရိုင်းခြောက်ကောင် ဩဂုတ် ၂၁ ရက်က ဝင်ရောက်လာပြီး ညနေ ၄ နာရီခွဲခန့်တွင် ကြာပေါက်ကျေးရွာအနီးမှ တစ်ဆင့် မလှိုင်မြို့နယ်အတွင်းရှိ မိုးကောင်း၊ ဘီးစပ်ကုန်းကျေးရွာများဘက်သို့ ထွက်ခွာသွားကြောင်း မျက်မြင်တွေ့ရှိသည့် ဖက်တောကျေးရွာဒေသခံများက ပြောသည်။

အဆိုပါ ဆင်ရိုင်းခြောက်ကောင် ထွက်ခွာရာနောက်သို့မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်လံစောင့်ကြည့်လျက်ရှိသည်။

**(ခရိုင်ပြန်/ဆက်)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၂၂**

ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရေး ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် ကမ္ဘောဇလေကြောင်း၊ မန်းရတနာပုံလေကြောင်းနှင့် တပ်မတော်လေယာဉ်တို့မှ လေယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်နှင့် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ မုန့်ကြွပ်၊ ရေသန့်ဆေး၊ အဝတ်အထည်၊ မိုးကာစ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဒန်အိုးဒန်ခွက်၊ အစားအစာမျိုးစုံ၊ အမျိုးသမီးသုံးပစ္စည်း၊ ခြင်ထောင်၊ ဖျာနှင့် တိရစ္ဆာန်အစားအစာများကို လေးခေါက်ပေးပို့ခဲ့သည်။

**(သတင်းစဉ်)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားသော “ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဂီတဖျော်ဖြေပွဲကျင်းပ” သတင်းတွင် Bo Bo Entertainment အစား Bagan Entertainment ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(စာတည်း)**

### တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော်  ဩဂုတ်  ၂၂

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့်စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၂၂**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် နေပြည်တော်(ရုံးချုပ်) အလှူခံဌာန၌ ထိုင်းနိုင်ငံရောက် ဦးကျော်နိုင်ထူးအဖွဲ့လှူဒါန်းသည့် အလှူငွေကျပ် ၃၄၃၀၀၀ ကို ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဩဂုတ် ၂၂ ရက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၃၆၀၀၀၀၀ လက်ခံရရှိခဲ့သည့်အတွက် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၂ ရက်ထိ အလှူရရှိငွေစုစုပေါင်းမှာ ကျပ် ၁၇၅၂၀၃၂၅၇၂၊ အမေရိကန်ဒေါ်လာ ၁၁၂၉၈၀၁ ဒသမ ၆၁၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရင်ထိုးတံဆိပ်နှင့် ဖိတ်စာများ ထုတ်ယူနိုင်

**ရန်ကုန်  ဩဂုတ်  ၂၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ၂၀၁၅ ပြိုင်ပွဲတွင်ပြိုင်ပွဲအဆင့်အလိုက် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများ၊ အလွတ်တန်းဝါသနာရှင်များအနေဖြင့် ရင်ထိုးတံဆိပ်နှင့် ဖိတ်စာများကို ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့တော်ခန်းမ မြေညီထပ်ရှိ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**

## ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာအုပ်စုရှိ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းနိုင်

**ကလေး  ဩဂုတ်  ၂၂**

ကလေးဒေသတွင် ရေကြီးရေလျှံမှုကြောင့် ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာအုပ်စုရှိ ဓမ္မပါလဘုန်းတော်ကြီးကျောင်းစာကြည့်တိုက်နှင့် မူလတန်းလွန်ကျောင်း စာကြည့်တိုက်ရှိစာအုပ်များ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါကျောင်းများအတွက် ကလေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ စုပေါင်းလှူဒါန်းသော တန်ဖိုးငွေကျပ်တစ်သိန်းခွဲရှိ စာအုပ် ၆၈ အုပ်ကို ကလေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် အဖွဲ့သည် ယမန်နေ့က သွားရောက်လှူဒါန်းခဲ့သည်။

ထို့ပြင် ဓမ္မပါလဘုန်းတော်ကြီးကျောင်းအတွက်လည်း နဝကမ္မငွေလှူဒါန်းခဲ့ကြောင်းနှင့် အဆိုပါစာကြည့်တိုက်များတွင် စာအုပ်စာစောင်များ ထပ်မံလိုအပ်လျက်ရှိသဖြင့် ကလေးတက္ကသိုလ်စာကြည့်တိုက်မှူး ဒေါ်လျန်ဂိုးကျိန် ဖုန်း-၀၉-၃၃၃၈၀၉၈၂ (email- kalayuniversity1993@gmail.com)နှင့် နတ်ကြီးကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်လွင် ဖုန်း-၀၉-၄၇၀၁၈၇၃ တို့ထံသို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စီမံခန့်ခွဲမှုနှင့်ကျွမ်းကျင်မှု သင်တန်းဖွင့်

**ကော့မှူး  ဩဂုတ်  ၂၂**

ကော့မှူးမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၃ ရွာမှ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ၇၄ ဦးအား တောင်ပိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကော့မှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းကို ဩဂုတ် ၁၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**

## မူးယစ်ဆေးဝါးနှင့် HIV ကာကွယ်ရေးအထောက်အကူပြု သင်တန်းဖွင့်

**မူဆယ်  ဩဂုတ်  ၂၂**

မူးယစ်ဆေးဝါးနှင့် HIV ကာကွယ်ရေးလုပ်ငန်း အထောက်အကူပြုသင်တန်းဖွင့်ပွဲကို မူဆယ်မြို့ တွင်းစတားဟိုတယ်၌ ဩဂုတ် ၂၀ ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းခမ်းမြတ်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၀၁၁၂)**

# ဒီဂီယာအား မန်ယူရောင်းချမည်မဟုတ်



မန်ယူနည်းပြ ဗန်ဟားလ်က ကလပ်အသင်း အနေဖြင့် ဂိုးသမား ဒီဂီယာအား ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလ ပိတ်သိမ်းသည်အထိ ရောင်းချမည်မဟုတ်ဘဲ အသင်း၌သာ ဆက်ရှိ နေရန်သေချာသည်ဟု ထုတ်ဖော်ပြောကြားလိုက် သည်။

မန်ယူက ပီအက်စ်ဂျီအား နှစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် မန်ယူဂိုးသမား ဒီဂီယာအား ရောင်းချရန် မန်ယူဘုတ်အဖွဲ့ကို နည်းပြ ဗန်ဟားလ်က ခွင့်ပြုလိုက်ပြီဟု အစောပိုင်းကာလ တွင် ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့ သော်လည်း ဒီဂီယာအနေဖြင့် မန်ယူ၌ပင် ယခုနှစ် ဘောလုံးရာသီကုန်အထိ ဆက်ရှိနေမည်ဖြစ် ကြောင်း ဗန်ဟားလ်က အထက်ပါအတိုင်းအတည် ပြုခဲ့ခြင်းဖြစ်သည်။

ဒီဂီယာသည် တရားဝင်အပြောင်းအရွှေ့ ကာလမဖွင့်လှစ်မီကတည်းက ရီးယဲလ်သို့ ပြောင်းရွှေ့ရန် အကြိမ်ကြိမ် ချိတ်ဆက်မှုများ ပြုလုပ်နေခဲ့သော်လည်း ဗန်ဟားလ်က ယင်းကိစ္စ ရပ်ကို မလိုလားဘဲ ပိတ်ပင်ထားသည်ဟု စပိန် မီဒီယာများက ဖော်ပြသည်။

ဒီဂီယာသည် မန်ယူက ပီအက်စ်ဂျီအား နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် ကစားပုံ ညံ့ဖျင်းလွန်းခဲ့ပြီး ပေးလိုက်ရသော နှစ်ဂိုးစလုံးမှာ သူ၏ပေါ့လျော့မှုကြောင့်ပေးခဲ့ရခြင်းဖြစ်သည်။ သို့ရာတွင် ဗန်ဟားလ်မှာ သူအလိုရှိနေသော ရီးယဲလ်နောက်ခံလူ ရာမို့စ်အား မခေါ်ယူနိုင် ခဲ့ခြင်းကြောင့် ဒီဂီယာကိုလည်း ရီးယဲလ်သို့ မရောင်းချလိုဘဲ တင်းခံနေခြင်းဖြစ်သည်။

တစ်ဖက်တွင်လည်း မန်ယူက ဒီဂီယာအတွက်ပြောင်းရွှေ့ကြေး ပေါင် ၂၅သန်း အထိ အလိုရှိနေသော်လည်း ရီးယဲလ်တွင် ဂိုးသမားနေရာ၌ နာဗက်စ်နှင့် ကီကိုကတ်စီလာ တို့ရှိနေပြီးဖြစ်ရာ ယင်းသို့များပြားသော ပမာဏဖြင့် ခေါ်ယူရန် ဆန္ဒမရှိခြင်းဖြစ်သည်။ ထို့ပြင် မန်ယူနှင့် ဒီဂီယာတို့၏ စာချုပ်မှာ သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့ပြီး မန်ယူ၏ စာချုပ်သစ် ကမ်းလှမ်းမှုအား ဒီဂီယာက ငြင်းဆန်ပယ်ချ ခဲ့ပြီးဖြစ်ရာ အကယ်၍ ယခုနှစ်တွင် မရောင်းချခဲ့ပါက လာမည့်ရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ခံရဖွယ်ရှိသည်။

မန်ယူကလည်း အာဂျင်တီးနားဂိုးသမား ရိုမီယိုအား ခေါ်ယူထားပြီးဖြစ်သောကြောင့် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီကကဲ့သို့ ဒီဂီယာ၏ လုပ်အားနှုန်းကို ရာနှုန်းပြည့်မလိုအပ်တော့ပေ။ ထို့ပြင် ဒီဂီယာ၏ လက်ရှိအနေအထားအရ ယခုနှစ်မန်ယူမှ မထွက်ခွာဖြစ်လျှင်လည်း လာမည့်နှစ်တွင် အသင်းပြောင်းရွှေ့ရန် သေချာနေပြီဖြစ်ရာ ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲက စားပြီးချိန်တွင် ဒီဂီယာမှာ ပြိုင်ပွဲအပေါ် အပြည့်အဝ အာရုံစူးစိုက်မှုမရှိဟူသော အကြောင်းပြချက်ဖြင့် ရိုမီယိုကိုသာ ပွဲထွက် ကစားသမားအဖြစ်အသုံးပြုခဲ့သည်။

**[မေလှဲ့သင်း]**

# ရာသီအဖွင့်တွင် ရလဒ်ကို ရာနှုန်းပြည့်ထိန်းထားနိုင်ခဲ့သည့် ပီအက်စ်ဂျီ

**ပြင်သစ်ပထမတန်းကလပ်၏ ပွဲစဉ်(၃)အစောပိုင်းပွဲစဉ်ဖြစ်သည့် မောင့်ပယ်လီယာအသင်းနှင့် ပီအက်စ်ဂျီ အသင်းတို့၏ ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် ကွင်းလယ်ကစားသမားမက်တူဒီ၏ ဒုတိယပိုင်းသွင်းဂိုးဖြင့် မောင့်ပယ်လီယာအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရာသီအဖွင့်တွင် ရလဒ်ပိုင်းနှင့် ပတ်သက်၍ ရာနှုန်းပြည့်ထိန်းထားနိုင်ခဲ့သည့် စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားနိုင်ခဲ့သည်။**



မောင့်ပယ်လီယာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့၏ ပွဲစဉ်တွင် မောင့်ပယ်လီယာ အသင်းသည် ဘာကာ၊ မူနီယာ၊ ဘူဒီဘူး၊ လာစနီ၊ ဘန်ဆီဘိုင်နီ၊ မာတင်၊ ရှော့ဆီလန်၊ ကွန်ဂရီ၊ ဒါဆေးဗား၊ ဒါဘို စသည့် ကစားသမားများကို ပွဲထွက် လူစာရင်းတွင် ထည့်သွင်းလာခဲ့ပြီး ဧည့်သည်အဖြစ် လာရောက်ကစား ခဲ့ရသည့် နည်းပြလော်ရန့်ဘလန့်၏ ပီအက်စ်ဂျီအသင်းမှာမူ လာဗက်ဇီ၊ ကာဗာနီ၊ လူးကက်စ်မော်ရာ၊ မော့တာ၊ ပက်စတိုး၊ မက်ဝဲလ်၊ ဒေးဗစ်လုဇ်၊ သီယာဂိုဆေးလ်ဗား၊ အော်ရီယာ စသည့်ကစားသမား များကို ပွဲထွက်ကစားစေခဲ့သည်။

ပြင်သစ်ကြယ်ပွင့်မက်တူဒီသည် နောက်ခံလူမက်ဝဲလ်၏ ဖန်တီးပေး သော ဘောလုံးကို ပွဲကစားချိန် မိနစ် ၆၀ တွင် ပီအက်စ်ဂျီအသင်း၏ အနိုင်ဂိုးအဖြစ် ပြောင်းလဲပေးခဲ့ ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ပြောင်းရွှေ့ ကြေးပေါင် ၄၃ ဒသမ ၄ သန်းဖြင့် ခေါ်ယူထားခဲ့သည့် တောင်ပံကစား သမား ဒီမာရီယာနှင့် ပီအက်စ်ဂျီ အသင်းအတွက် အားကိုးအားထားပြု နေရသည့်တိုက်စစ်မှူးအီဘရာဟီမိုဗစ် တို့ ပါဝင်လာခဲ့ခြင်းမရှိခဲ့သော်လည်း ပီအက်စ်ဂျီအသင်းသည် အနိုင်သုံးမှတ် ရရှိအောင်ကစားနိုင်ခဲ့သည်။ မန်ယူ ကစားသမားဟောင်း ဒီမာရီယာ သည် ပေါင်ဒဏ်ရာပြဿနာ ကြုံတွေ့နေရသူဖြစ်ပြီး တိုက်စစ်မှူး အီဘရာဟီမိုဗစ်မှာမူ ဒူးဒဏ်ရာ ပြဿနာမသက်သာသေး၍ ပွဲထွက် ကစားခွင့်မှ လွဲခဲ့ရသူဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ် ပထမတန်းဖလားကို သုံးနှစ်ဆက် တိုက်ဆွတ်ခူးထားနိုင်ခဲ့သည့်အသင်း ဖြစ်သည်နှင့်အညီ ယခု ၂၀၁၅- ၂၀၁၆ ဘောလုံးရာသီစတင် ချိန်တွင်လည်း ယခင်ခြေစွမ်းများမှာ ပျောက်ဆုံးသွားခြင်း မရှိခဲ့ဘဲ ရလဒ် ကောင်းများကို ထပ်မံသယ်ဆောင် နိုင်ခဲ့သည့်အပြင် လက်ရှိပွဲစဉ်(၃) အပြီးတွင် အမှတ်ပေးဇယား၏ အဆင့်(၁)နေရာတွင် ရမှတ် ကိုးမှတ်ဖြင့် ဦးဆောင်နေသည့် အသင်းဖြစ်သည်။ **[ငွေကြယ်]**

# ရတနာလာဘမုနိ မြွေဘုရားပွဲတော် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အထိရောက်ရှိ

**မန္တလေး ဩဂုတ် ၂၂**

မြန်မာဘောလုံးအားကစားသည် အောင်မြင်မှုရကာ တိုးတက်မှုမြန်ဆန်သည်ဟု ဆိုကြသည်။ တိုးတက်လာခြ င်း၏လက်တွေ့အဖြေတွင် အရည်အချင်းရှိသည့် လူငယ်အားကစားသမားများကို စနစ်တကျ လေ့ကျင့်မွေးထုတ်ပေးနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် မြန်မာ့ဂုဏ်ဆောင် လူငယ်ဘောလုံးအားကစားသမားများကို မွေးထုတ်ပေးနေသော ဘုရားပွဲသုံးပွဲရှိသည်။ထိုဘုရားပွဲများမှာ ဖား၊ မြွေ၊ ကျီး ဟု အတိုကောက်ခေါ်သော ဖားလင်ပိုး ဘုရားပွဲ ၊မြွေဘုရားပွဲ၊ကျီးဘုရားပွဲတို့ ပင်ဖြစ်သည်။

ပြိုင်ပွဲဝင် လူငယ်အားကစားအသင်းများသည် တစ်နှစ်ပတ်လုံး အချိန်မှန်မှန် ကွင်းဆင်းကာ စနစ်တကျလေ့ကျင့်သော အသင်းများ ဖြစ်သည်။ယခုအခါတွင် (၃၉)ကြိမ်မြောက် ရတနာလာဘမုနိ မြွေဘုရားပွဲတော်တွင် ၄ပေ ၉လက်မ လူငယ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်ရှိလာပြီဖြစ်သည်။ ၄ပေ ၉လက်မ ဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲမှာ စနစ်တကျဖြင့် နှစ်စဉ်ကျင်းပသော ပြိုင်ပွဲဖြစ်ပြီး အမရပူရမြို့နယ်၊စဉ့်ကိုင်မြို့နယ်၊မန္တလေးမြို့အနီးတစ်ဝိုက်မှ လာရောက်အားပေးသော နာမည်ကြီး လူငယ်ဘောလုံးပွဲပင်ဖြစ်သည်။

ထိုပွဲများမှ အားကစားသမားကောင်းများကို မန္တလေးအား/ကာသိပ္ပံ၊ ဘောလုံးအကယ်ဒမီကျောင်းများသို့ အရွေးခံကူးပြောင်းကြသည်။ လက်ရှိကာလ မြန်မာ့လက်ရွေးစင်အသင်း၊ ယူ ၁၉၊ယူ ၁၄နှင့် အခြားသော ပြည်တွင်းကလပ်များတွင် ဖား၊မြွေ၊ကျီး ၄ ပေ ၉လက်မ ဘောလုံးပြိုင်ပွဲမှ မွေးထုတ်ပေးလိုက်သော ဘောလုံးအားကစားသမား မြောက်မြားစွာ ပေါ်ထွက်ကာ နိုင်ငံဂုဏ်ဆောင်သည်အထိ စွမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# ဖိတ်ခေါ်အမျိုးသား၊ အမျိုးသမီး အလွတ်တန်း စက်ဘီးပြိုင်ပွဲကျင်းပ

**စစ်ကိုင်း ဩဂုတ် ၂၂**

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ မြန်ရွှေပြည် ထရက်တာကုမ္ပဏီလီမိတက် (MSP-CAT) နှင့် စစ်ကိုင်းခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ဖိတ်ခေါ် အမျိုးသား၊ အမျိုးသမီး အလွတ်တန်း စက်ဘီးပြိုင်ပွဲ တာလွှတ်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၇နာရီတွင် စစ်ကိုင်းမြို့ ရွှေမင်းဝံ ပန်းခြံရှေ့၌ ကျင်းပ သည်။

ပြိုင်ပွဲတွင် စက်ဘီးအားကစားသမား အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၆၁ ဦး ပါဝင်ကြပြီး စစ်ကိုင်းမြို့ ရွှေမင်းဝံ ပန်းခြံရှေ့မှ အုန်းတောကျေးရွာအထိ အသွားအပြန် ယှဉ်ပြိုင်ကြရာ ရွှေဘို-ဝက်လက်သား ကျော်ထွန်းဦးက ပထမ ရရှိသည်။ ဆုများကို တိုင်းဒေသကြီး သစ်တော၊ သတ္တုဝန်ကြီးဦးသန်းထိုက်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

မြန်ရွှေပြည်ထရက်တာ ကုမ္ပဏီလီမိတက် (MSP- CAT) မှ ရေဘေးကယ်ဆယ်ရေး ရန်ပုံငွေကျပ် သိန်း ၁၅၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးမှ တာဝန်ရှိသူကလက်ခံရယူသည်။

ဆက်လက်၍ ဩဂုတ် ၂၃ရက် နံနက် ၈နာရီတွင် စစ်ကိုင်းမြို့နယ် ရေခါးကျေးရွာ ဘောလုံးကွင်းမှ (Mounting Bike) Play Ground (MTBXC Race) ခရာခဲဆစ် ဖြတ်ကျော်စက်ဘီးပြိုင်ပွဲကို ကီလို (၇၅) ရှိတောင်ပေါ် ဖြတ်ကျော်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**



# ရပ်ကွက်/ကျေးရွာ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ တပ်ကုန်းမြို့တွင် ကျင်းပမည်

**တပ်ကုန်း ဩဂုတ် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော မြို့နယ်အားကစားနှင့် ကာယပညာကော်မတီတို့၏ ပံ့ပိုးမှုဖြင့် ၂၀၁၅ ခုနှစ် တပ်ကုန်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲကို ထူးချွန်ထက်မြက်သော အားကစားသမား လူရည်ချွန်များ ပေါ်ထွက်လာစေရန်၊ မြို့နယ်အတွင်း အားကစားကို ပိုမိုစိတ်ဝင်စားစေရန်၊ ရွက်ပုန်းသီးအားကစားသမားများရှာဖွေ၍ နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ် လက်ရွေးစင်အားကစားသမား လူတော်၊ လူကောင်းများရှာဖွေထုတ်ဖော် ပေးနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း မြို့နယ်အားကစားအရာရှိ ဦးထင်လင်းအောင်က ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ အုပ်စု လေးအုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက် ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ကာ စက်တင်ဘာ ၂၀ ရက်တွင် ပြိုင်ပွဲပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။ **(ဇင်ဘို)**

# အာရှ ချန်ပီယံရှစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဒီဇင်ဘာလအတွင်းကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၂**

အာရှခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အာရှချန်ပီယံရှစ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် မှ သိရသည်။

အာရှချန်ပီယံရှစ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့်အတူ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ပါကစ္စတန်၊ အီရန်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အရှေ့တီမောအသင်းတို့ ပါဝင်ကြမည်ဖြစ်ပြီး ယခုကျင်းပမည့်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌလည်းဖြစ်၊ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ်သော ဦးစိုးနိုင်က ပြိုင်ပွဲဝင်ကြမည့် နိုင်ငံများမှ ခြင်းလုံးအဖွဲ့ချုပ်များနှင့် ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပြောကြားသည်။ **အေးမြ(မန္တလေး)**

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ )

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်း
( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)
၁၃၇၇ ခုနှစ် ၊ လ ရက်
(၂၀၁၅ ခုနှစ် ၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ ဥပဒေစတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး ၁ နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များအား ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက စီးပွားရေးအလို့ငှာ ငှားရမ်းခ၊ သယ်ယူပို့ဆောင်ခ သို့မဟုတ် အကျိုးကျေးဇူးတစ်ခုခုအတွက် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ် တစ်စီးကိုသော်လည်းကောင်း၊ တစ်စီးထက် ပို၍သော်လည်းကောင်း အသုံးပြု၍ သယ်ယူပို့ဆောင်သောလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်ဦးတစ်ယောက်သောသူက ဆောင်ရွက်သော ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ သယ်ယူပို့ဆောင်သော လုပ်ငန်းလည်း ပါဝင်သည်။

(ခ) **သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေးကိစ္စအလို့ငှာ အများပြည်သူသွားလာသည့်လမ်းများပေါ်တွင် သယ်ယူပို့ဆောင်ရေးအတွက် စက်အား၊ လျှပ်စစ်အား သို့မဟုတ် အခြားစွမ်းအင်တစ်မျိုးမျိုးကိုအသုံးပြု၍မောင်းနှင်သောမော်တော်ယာဉ်ကို သော်လည်းကောင်း၊ ဆွဲငင်သောမော်တော်ယာဉ်၊ ဝန်ဆွဲမော်တော်ယာဉ် သို့မဟုတ် နောက်တွဲတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဂ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ (Transport Operator)** ဆိုသည်မှာ ကုန်းလမ်းတွင် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ် တစ်မျိုးမျိုးဖြင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(ဃ) **ဒေသဆိုင်ရာ သဘောတူစာချုပ်**ဆိုသည်မှာ နိုင်ငံတော်က စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်သော ဒေသအတွင်းခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ပြီး သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ သဘောတူစာချုပ်၏ နောက်ဆက်တွဲ စာချုပ်များနှင့် ပရိုတိုကောလ်များ ပါဝင်သည်။

(င) **စာချုပ်ဝင်နိုင်ငံ** ဆိုသည်မှာ ဒေသဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံကို ဆိုသည်။

(စ) **အထူးငွေကြေး ထုတ်ယူပိုင်ခွင့်ယူနစ် (Special Drawing Right )** ဆိုသည်မှာနိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရငွေကြေးထုတ်ယူခြင်းအတွက် အထူးသတ်မှတ်ထားသည့် ငွေကြေးစနစ်တစ်ခုကို ဆိုသည်။

(ဆ) **ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေ ( Force Majeure)** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်အပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကြိုတင်၍ သိမြင်နိုင်မှုနှင့် ရှောင်လွှဲနိုင်မှုမရှိသည့်အပြင် ဖြစ်ပေါ်လာသောအကျိုးဆက်ကို ကာကွယ်နိုင်မှု သို့မဟုတ် ထိန်းချုပ်မှု မပြုနိုင်ခြင်းကြောင့် ထိခိုက်မှု၊ ဆုံးရှုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ရသောအခြေအနေကို ဆိုသည်။

(ဇ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ပြုသောစာတမ်းအမှတ်အသားကို ဆိုသည်။

(ဈ) **ခွင့်ပြုချက်** ဆိုသည်မှာ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပြည်တွင်းသို့ ခရီးသည်များကို ဖြစ်စေ၊ ကုန်စည်များကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည် နှစ်မျိုးလုံးကို ဖြစ်စေ ယာယီ ဝင်ရောက်ခွင့်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့်အတွက် သော်လည်းကောင်း ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ည) **အခကြေးငွေ**ဆိုသည်မှာ ဤဥပဒေအရ ကောက်ခံသည့်လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်အတွက် ဝန်ဆောင်ခနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများကို ဆိုသည်။

(ဋ) **အမျိုးသားကော်မတီ**ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းသော **ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ ( The National Transport Facilitation Committee )**ကို ဆိုသည်။

(ဌ) **ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ဆိုသည်။

(ဍ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဦးစီးဌာန**ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)ကိုဆိုသည်။

(ဏ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန** ဆိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန) လက်အောက်ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန) ကို ဆိုသည်။

(တ) **ခရိုင်ဦးစီးဌာန**ဆိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)က လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)ကိုဆိုသည်။

(ထ) **မြို့နယ်ဦးစီးဌာန**ဆိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)က လွှဲအပ်တာဝန်ပေးထားသည့် မြို့နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)ကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စည်းကမ်းစနစ်တကျ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

(ခ) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်စေရန်အတွက် ပုဂ္ဂလိက ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနှင့်အညီ လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများထုတ်ပြန်၍ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်။

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ထိခိုက်စေနိုင်သည့်အကြောင်းများ လျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်။

(င) မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

(စ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ သဘောတူစာချုပ်ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျချောမွေ့စွာ ဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**

**အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ရည်ရွယ်ချက်များနှင့်ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။ | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။ | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန။ | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။ | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန။ | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။ | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့အသီးသီးမှ ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးဆိုင်ရာ ဝန်ကြီးများ။ | အဖွဲ့ဝင်များ |
| (ဈ) | သက်ဆိုင်ရာ ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ။ | အဖွဲ့ဝင်များ |
| (ည) | ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ။ | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။ | အတွင်းရေးမှူး |

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် လွယ်ကူချောမွေ့အဆင်ပြေရေးတို့အတွက် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများလွယ်ကူချောမွေ့ အဆင်ပြေရေး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များချမှတ်ပြီး ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သောလုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အမျိုးသားကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အောင်မြင်စွာ ဆောင်ရွက်ရန်အလို့ငှာကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေး အဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ကုန်စည်နှင့် ခရီးသည်များအား လိုအပ်သော နေရာဒေသသို့ လိုအပ်သောအချိန်ကာလအတွင်း လိုအပ်သော အရေအတွက် ရောက်ရှိစေရေး၊ သွားလာလွယ်ကူမှု အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်အပါအဝင် အများပြည်သူအကျိုးငှာ အခြားအရေးပေါ်ကိစ္စများတွင်အသုံးပြုရန် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများက တာဝန်ပေးအပ်လာသည့်အခါ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များကို တာဝန်ပေးအပ်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ ညှိနှိုင်းသတ်မှတ်ခြင်း၊ အထူးသဖြင့် မော်တော်ယာဉ်လိုင်းများ၊မော်တော်ယာဉ်ဂိတ်များ၊ မော်တော်ယာဉ်အသင်းများ၊ခရီးစဉ်များ၊ သွားလာမည့်ခရီးအခေါက်ပေါင်းများ၊ ကုန်စည်ဂိတ်များ၊ ကုန်တင်ကုန်ချပြုလုပ်ရန်နေရာများနှင့်ဒေသများ၊ ခရီးသည်နှင့်ကုန်စည်သယ်ဆောင်ရေး အခနှုန်းထားကိစ္စများကို သတ်မှတ်ရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဇ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ အဆင်ပြေစေရေးနှင့် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်နိုင်ရန်လိုအပ်သည့် အဖွဲ့အစည်းများကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ ယင်းအဖွဲ့များ၏ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဈ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လွယ်ကူချောမွေ့အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် ဒေသဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဒေသအတွင်းရှိ အခြားစာချုပ်ဝင်နိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လမ်းညွှန်မှုပေးခြင်း၊

(ည) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးခြင်း။

**အခန်း (၄)**

**ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) အမျိုးသားကော်မတီ၏လုပ်ငန်းတာဝန်များ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် အလို့ငှာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီကိုဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(ဂ) လိုအပ်ပါက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန်အလို့ငှာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) လိုအပ်ပါက နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ဝန်ကြီးဌာနသည် ဤဥပဒေ အခန်း (၈) ပါ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များအပြင် လိုအပ်ပါက ယင်းကော်မတီလုပ်ငန်းတာဝန်များကို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

## အခန်း ( ၅ )
## ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ

၁၁။ အမျိုးသားကော်မတီသည် -

(က) ပြည်ထောင်စုနယ်မြေနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ဖွဲ့စည်းပြီးတာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင်သက်ဆိုင်ရာဒေသရှိ ဦးစီးဌာနမှ တာဝန်ခံအရာရှိကို ယင်းဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်။

၁၂။ ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များသည် မိမိအား အကြောင်းအားလျော်စွာ လွှဲအပ်တာဝန်ပေးထားသည့် အာဏာနှင့် အလုပ်ဝတ္တရားများ သုံးစွဲဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီသို့ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတိုင်း အစီရင်ခံစာတင်သွင်းရမည်။

## အခန်း ( ၆ )
## လုပ်ငန်းလိုင်စင်ဆိုင်ရာ ကိစ္စရပ်များ

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် -

(က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ပေးလျော်ရန် တာဝန်ရှိသော ကုန်စည်ပျက်စီးမှု၊ ပျောက်ဆုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုအတွက် လုံလောက်စွာပေးလျော်နိုင်စွမ်းရှိသူဖြစ်ရမည်။

(ခ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုကို ကျူးလွန်မှုအတွက် ထောင်ဒဏ်ပြစ်ဒဏ်ကျခံနေရသူမဖြစ်စေရ။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်မှုအတွက် နာမည်ပျက်စာရင်းထည့်သွင်းခံထားရသူ မဖြစ်စေရ။

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူမဖြစ်စေရ။

(င) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့်ကိုက်ညီသူဖြစ်ရမည်။

၁၄။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ လုပ်ငန်းအခြေအနေ၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ် အခြေအနေနှင့် လွယ်ကူအဆင်ပြေမှုအရ လိုအပ်ပါက သင့်လျော်သော ခရိုင်ဦးစီးဌာနနှင့် မြို့နယ်ဦးစီးဌာနတို့ကို လုပ်ငန်းလိုင်စင်ထုတ်ပေးပိုင်ခွင့်နှင့် စီမံခန့်ခွဲရေးအရ အရေးယူပိုင်ခွင့်တို့ကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၅။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်လိုသူသည် ပုဒ်မ ၁၃ ပါ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ပြေးဆွဲခြင်းဖြစ်ပါက လုပ်ငန်းလိုင်စင်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှတစ်ဆင့် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ပြေးဆွဲခြင်းဖြစ်ပါက လုပ်ငန်းလိုင်စင်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန သို့ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာနသို့မဟုတ် မြို့နယ်ဦးစီးဌာနသို့ ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၆။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)အရ လုပ်ငန်းလိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုနိုင်သည်။

( ခ )ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် ပြေးဆွဲသည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာနက ဖြစ်စေ ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုနိုင်သည်။

( ခ )ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် ပြေးဆွဲသည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အလိုက်လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၈။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ၎င်း၏ဆန္ဒအရ လုပ်ငန်းလိုင်စင် သက်တမ်းကို ၁ နှစ်မှ ၃ နှစ်အထိ လျှောက်ထားနိုင်သည်။

၁၉။ လုပ်ငန်းလိုင်စင် ရရှိသူသည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သယ်ယူပို့ဆောင်မည့် ခရီးသည်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကို လည်းကောင်း၊ ကုန်စည်အတွက် ကုန်းလမ်းကုန်ပစ္စည်းအာမခံကို လည်းကောင်း တည်ဆဲဥပဒေနှင့်အညီ ထားရှိပြီးဖြစ်ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ပြေးဆွဲသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကို သော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရ အသုံးပြုသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဦးစီးဌာန၏ကြိုတင်ခွင့်ပြုချက် ရရှိမှသာလျှင် လွှဲပြောင်းခွင့်ရှိသည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ပြေးဆွဲသောကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုသော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရ အသုံးပြုသည့် မော်တော်ယာဉ်ကို သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာလျှင် လွှဲပြောင်းခွင့်ရှိသည်။

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ထားသည့် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျော်လွန်၍ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ပြေးဆွဲသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ပြေးဆွဲသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသို့လည်းကောင်း၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ်မြို့နယ်ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၁။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ပြေးဆွဲသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာနက ဖြစ်စေ ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ပြေးဆွဲသောကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက်လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ သက်တမ်းတိုးမြှင့် ပေးရမည်။

၂၃။ ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ မိမိ၏ သဘောဆန္ဒအရ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရ-

(က) အရေးတကြီး သို့မဟုတ် အထူးလိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံထားရှိရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် သို့မဟုတ် ရပ်ဆိုင်းရန် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ထိ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။ ထိုသို့ထုတ်ပေးခြင်းသည် နောင်အမြဲတမ်း လုပ်ငန်းလိုင်စင်ထုတ်ပေးရန် အကြောင်းတစ်ခုဖြစ်သည်ဟု မယူဆရ။ သက်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းလိုင်စင်အတွက် တင်သွင်းထားဆဲ လျှောက်လွှာနှင့်စပ်လျဉ်း၍ စဉ်းစားခြင်းကို မထိခိုက်စေရ။

(ခ) လုပ်ငန်း လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် နည်းလမ်းတကျတင်သွင်းသည့် လျှောက်လွှာကို စိစစ်ရာတွင် မလွှဲမရှောင်သာသောကြောင့် နှောင့်နှေးကြန့်ကြာနိုင်သည့် ကိစ္စအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ရန် ရက်ပေါင်း ၃၀တစ်ကြိမ်သာ ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးနိုင်သည်။

၂၄။ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်လာပါက လုပ်ငန်းလိုင်စင်သည် ရပ်စဲစေရမည်-

(က) လိုင်စင်ရရှိထားသူက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုမှုမရှိတော့ကြောင်းလျှောက်ထားခြင်း၊

(ခ) လုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်း မရှိဘဲ လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးခြင်း။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနနှင့် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာနနှင့် မြို့နယ် ဦးစီးဌာနတို့သည် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့အစီရင်ခံရမည်။

## အခန်း ( ၇ )
## သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်နှင့် ပေးရန်တာဝန်ရှိမှုများ

၂၆။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်ကို တာဝန်ယူ၍ ပို့ဆောင်ရန် လက်ခံသည့်အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကို လွှဲပြောင်းပေးပို့သည့်အချိန်အထိ ထိုကုန်စည်အတွက်တာဝန်ရှိသည်။

၂၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်အတွင်း မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှုနှင့်ပျက်ကွက်မှုများအတွက်သော်လည်းကောင်း၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးနှင့် ထပ်ဆင့်ချုပ်ဆိုသည့် ပဋိညာဉ်အရ ဆောင်ရွက်ရာတွင် ထိုသူ၏ ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်းကောင်း မိမိကိုယ်တိုင် ပြုလုပ်မှုနှင့် ပျက်ကွက်မှုဖြစ်သကဲ့သို့ တာဝန်ရှိစေရမည်။

၂၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် -

(က) ကုန်စည်ကို လက်ခံသည့်အခါ အရေအတွက်၊ အလေးချိန်နှင့် မြင်သာသည့် ကုန်စည်အခြေအနေတို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို ကုန်ပို့လွှာတွင် ရေးမှတ်ရမည်။ ထိုသို့ စစ်ဆေးတွေ့ရှိချက်ကို ရေးမှတ်ခြင်း မပြုပါက ကုန်စည်မှာ ကောင်းမွန်သည့် အခြေအနေတွင် ရှိသည်ဟု မှတ်ယူရမည်။

(ခ) ကုန်ပို့လွှာတွင် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အသေးစိတ်အချက်များ ပါရှိစေရမည်။

( ဂ )ကုန်ပို့လွှာတွင် လက်မှတ်ရေးထိုးပြီး ကုန်ပို့လွှာ ၃ စောင် ပြုစုရမည်။ ပထမမူရင်း ကုန်ပို့လွှာ ၁ စောင်ကို ကုန်စည် အပ်နှံသူသို့ လည်းကောင်း၊ ဒုတိယ မိတ္တူကုန်ပို့လွှာ ၁ စောင်ကို ကုန်စည်များနှင့်အတူ တစ်ပါတည်း ကုန်စည်ကို သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်သို့ လည်းကောင်း၊ တတိယ မိတ္တူ ကုန်ပို့ လွှာ ၁ စောင်ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသို့ လည်းကောင်း ပေးရမည်။

(ဃ) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက် မပါရှိလျှင် ကုန်စည်အပ်နှံသူ၏ အခွင့်အရေးအရ ၎င်း၏ကုန်စည်ကို စီမံခန့်ခွဲပိုင်ခွင့်၊ လမ်းခရီးတွင် ရပ်တန့်ခွင့်၊ မူလ ကုန်စည်တင်ပို့ရာ နေရာသို့ ပြန်ပို့ခွင့်၊ အခြားခရီးစဉ်သို့ ပြောင်းလဲခွင့် သို့မဟုတ် အခြားကုန်စည် လက်ခံသူသို့ ပြောင်းလဲပေးပို့ခွင့်ကို အသိအမှတ် ပြုရမည်။

၂၉။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် -

(က) ကုန်စည် သယ်ယူပို့ဆောင်ရေး ပဋိညာဉ်အရ တာဝန်ယူ ပို့ဆောင်ရန် ကုန်စည်ကို စတင်လက်ခံသည့် အချိန်မှစ၍ ကိုယ်တိုင်တာဝန်ယူ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ မိမိ၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်က ဆောင်ရွက်ရာတွင် ဖြစ်စေ ကုန်စည်များဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင်တွင် သော်လည်းကောင်း၊ မိမိ၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးတွင် သော်လည်းကောင်း တာဝန်မရှိကြောင်း သက်သေခံချက် အထောက်အထား မတင်ပြနိုင်လျှင် ယင်းဆုံးရှုံးမှု တစ်ခုခုအတွက် တာဝန်ရှိစေရမည်။

(ခ) ကုန်စည် လွှဲပြောင်းပို့ရမည့် အချိန်ကာလနှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူက ကြေညာခြင်း မပြုလုပ်ခဲ့ဘဲ မိမိက ကုန်စည်ကိုလက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှုကို မိမိတွင် တာဝန်မရှိစေရ။

၃၀။ ကုန်စည်ကို လွှဲပြောင်းပေးပို့ရန် သဘောတူထားသည့်နေ့ သို့မဟုတ် ထိုသို့သဘောတူထားသည့်နေ့မရှိလျှင် ကုန်စည်ကို လွှဲပြောင်းပေးပို့သင့်သည့်နေ့မှရက်ပေါင်း ၉၀ အတွင်း လွှဲပြောင်းပေးပို့ခြင်း မပြုနိုင်ဘဲ နှောင့်နှေးကြန့်ကြာမှု ပေါ်ပေါက်လျှင် ကုန်စည်ကို တောင်းဆိုပိုင်ခွင့်ရှိသူ တစ်ဦးဦးသည် အခြားဆန့်ကျင် ကွဲလွဲသည့် သက်သေခံအထောက်အထား မရှိပါက ပျောက်ဆုံးသည့် ကုန်စည်အဖြစ် မှတ်ယူ၍ ဆောင်ရွက်နိုင်သည်။

၃၁။ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့် ကာလအတောအတွင်း အောက်ပါအခြေအနေ တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ပေါ်ပေါက်ကြောင်း သက်သေထင်ရှား ပြနိုင်ပါက အဆိုပါ ကုန်စည် ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ -

(က) ကုန်စည် အပ်နှံသူ၊ ကုန်စည် လက်ခံသူ၊ ၎င်း၏ ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

စာမျက်နှာ ၁၇ သို့

ဥပဒေကြမ်း

စာမျက်နှာ ၁၆ မှ

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ် ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည် နံပါတ်တပ်ခြင်းပြုလုပ်ရာတွင် မလုံလောက်မှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည် အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ၎င်း၏ကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က မလျော့မကန် ပေါ့ဆစွာ ကုန်စည်ကိုင်တွယ် ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု သို့မဟုတ် သိုလှောင်ထိန်းသိမ်းထားရှိမှု၊

(ဃ) ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်ဖြစ်မှု သို့မဟုတ် ကုန်စည်၏ ပင်ကို သဘာဝချို့ယွင်းမှု သို့မဟုတ် မမြင်သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့် ဆန္ဒပြမှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုအပါအဝင် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေပေါ်ပေါက်မှု။

၃၂။ ကုန်စည် ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှု ဖြစ်ခြင်းအတွက် လျော်ကြေးကို သတ်မှတ်ရာ၌ ကုန်စည်လက်ခံသူသို့ ကုန်စည်လွှဲပြောင်းပေးပို့သည့်နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း၊ ပဋိညာဉ်နှင့်အညီ ကုန်စည်လွှဲပြောင်း ပေးပို့ရမည့်နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်၏ ကာလတန်ဖိုးကိုသော်လည်းကောင်း အခြေခံရမည်။

၃၃။ ကုန်စည်ကို လျော့၍ပေးအပ်မှုသို့မဟုတ် ကုန်စည်ပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ -

(က) ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပေးလျော်ရမည့် လျော်ကြေးမှာ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

(ခ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ပေးလျော်ရမည့် လျော်ကြေးမှာ ၁ ကီလိုဂရမ်လျှင် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများတွင် သတ်မှတ်ထားသည့် အများဆုံးပေးလျော်ရမည့် အထူးငွေကြေး ထုတ်ယူပိုင်ခွင့် ယူနစ်ပမာဏ ထက် ပို၍ ပေးလျော်ရန် တာဝန်မရှိစေရ။

၃၄။ ကုန်စည် လုံးဝ သို့မဟုတ် တစ်စိတ်တစ်ဒေသ ပျောက်ဆုံးမှုဖြစ်လျှင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် -

(က) ကုန်စည်တန်ဖိုးကြေညာလွှာပါ တန်ဖိုးငွေကို ဖြစ်စေ၊ ထိုသို့ ကြေညာထားခြင်း မရှိလျှင် ကုန်စည်လက်ခံရာနေရာရှိ ကာလတန်ဖိုးကို ဖြစ်စေ ပေးလျော်ရမည်။

(ခ) သယ်ဆောင်စရိတ်၊ အကောက်ခွန်နှင့် အခြားကုန်ကျစရိတ်များ အားလုံးကိုပြန်အမ်းရမည်။

၃၅။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည် လွှဲပြောင်းပေးပို့ရာ၌ နှောင့်နှေးကြန့်ကြာမှုရှိလျှင် ပေးလျော်ရမည့် ပမာဏမှာ သယ်ယူပို့ဆောင်ခထက် မပိုစေရ။

၃၆။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ၎င်းလုပ်ကိုင်သည့်သယ်ယူပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားအလိုက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့် တာဝန်များကိုလည်းကောင်း၊ ခရီးသည်နှင့် ကုန်စည်အပ်နှံသူက လိုက်နာရမည့် တာဝန်များကိုလည်းကောင်း နည်းဥပဒေများဖြင့် သတ်မှတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း ( ၈ )
## နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခြင်း

၃၇။ ပြည်တွင်းမှနယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင်နိုင်ငံ တစ်ခုခုသို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် -

(က) ပုဒ်မ ၁၃ ပါ လိုအပ်ချက်များနှင့် ကိုက်ညီသူ ဖြစ်ရမည်။

(ခ) နိုင်ငံခြားသားနှင့် ဖက်စပ်လုပ်ငန်းလုပ်ကိုင်လျှင် မြန်မာနိုင်ငံသား၏ မတည်ငွေရင်းသည် ထက်ဝက်ကျော် ပိုင်ဆိုင်ရမည့်အပြင် စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံခြားသားထက် ပိုမို၍ စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်။

( ဂ )နိုင်ငံတော်၏ နယ်စပ်ကို ဖြတ်ကျော်၍ ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကို ဖြစ်စေ သယ်ယူပို့ဆောင်သည့် အတွေ့အကြုံရှိသူနှင့် လုပ်ငန်းကျွမ်းကျင်သူ ဖြစ်ရမည်။

(ဃ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်တွင်းနှင့် အခြားစာချုပ်ဝင် နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာရမည်။

၃၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၃၇ ပါသတ်မှတ်ချက်များနှင့် ညီညွတ်ပြီး နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၉။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၃၈ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည် ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသည့် ပုဂ္ဂိုလ်အား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၀။ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်သူသည် ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ ယာယီဝင်ရောက်ရန်ရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ရန်ရှိလျှင်သော်လည်းကောင်း အောက်ပါကိစ္စများမှအပ ခွင့်ပြုချက်ရရှိရန် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) ကိုယ်ပိုင်ကိစ္စအတွက် သယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း မိခင်စာချုပ်ဝင်နိုင်ငံက သက်သေခံလက်မှတ်ထုတ်ပေးထားခြင်း၊

(ခ) စီးပွားရေးကိစ္စအတွက် ပြေးဆွဲခြင်းမဟုတ်သည့် မော်တော်ယာဉ်၊

(ဂ) အသုဘ ပို့ဆောင်ခြင်း၊

(ဃ) သူနာတင် မော်တော်ယာဉ်၊ မီးသတ်ယာဉ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးမော်တော်ယာဉ်ဖြင့် လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများမှလည်းကောင်း အရေးပေါ် အကူအညီပေးခြင်းလုပ်ငန်းများ။

၄၁။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီသည် -

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကို ဆောလျင်စွာ စိစစ်၍ မိမိနိုင်ငံအတွင်းရှိ နယ်စပ်စစ်ဆေးရေးစခန်းတွင် စစ်ဆေးခြင်းများ ပြုလုပ်ပြီး စာချုပ်ဝင်နိုင်ငံတစ်ခုအတွက် ခွင့်ပြုချက်ထုတ်ပေးနိုင်သည့် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်သော ခေါက်ရေအရေအတွက် မကျော်လွန်ပါက သတ်မှတ်ထားသည့် ပုံစံဖြင့် ၁ နှစ်ထက်မပိုသော ကာလအထိ စည်းကမ်းချက်များ သတ်မှတ်၍ခွင့်ပြုချက် ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ စစ်ဆေးနိုင်ရန်မိမိနိုင်ငံအတွင်း၌ နယ်စပ်စစ်ဆေးရေးစခန်း ဖွင့်လှစ်ထားရှိရမည်။ ထိုသို့ ဖွင့်လှစ်ထားသည့် နယ်စပ်စစ်ဆေးရေးစခန်းတွင် စစ်ဆေးရေးအဖွဲ့ တာဝန်ကျသူများက နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသည့် လူများ၊ ကုန်စည်များနှင့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်ကို တစ်ပြိုင်နက်တည်း၊ တစ်ချိန်တည်း စစ်ဆေးစေရမည်။

( ဂ )ပုဒ်မခွဲ(ခ)အရ စစ်ဆေးရာတွင် နယ်နိမိတ်ချင်း ဆက်စပ်နေသော စာချုပ်ဝင်နိုင်ငံ နှစ်နိုင်ငံ စစ်ဆေးရေးအဖွဲ့များက ပူးတွဲ၍ စစ်ဆေးစေရမည်။ ထိုသို့ စစ်ဆေးရာတွင် မိမိနိုင်ငံ၏ စစ်ဆေးရေးအဖွဲ့ဝင်များကို အခြားစာချုပ်ဝင်နိုင်ငံသို့ ထွက်ခွာခွင့်နှင့် အခြားစာချုပ်ဝင်နိုင်ငံ၏ စစ်ဆေးရေးအဖွဲ့ဝင်များကို ပြည်တွင်းသို့ ဝင်ခွင့်ပြုနိုင်သည်။

(ဃ) ခွင့်ပြုချက် ထုတ်ပေးနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ဝင်များဖြင့် စစ်ဆေးရာတွင် လွယ်ကူချောမွေ့အဆင်ပြေရေးနှင့် မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုများ၊ အဟန့်အတားများ မရှိစေရေးတို့အတွက် ကြီးကြပ်ကွပ်ကဲရမည်။

( င )နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသော လမ်းကြောင်းနှင့် ခရီးစဉ်အတိုင်း ပြေးဆွဲခြင်း ရှိမရှိ၊ ခရီးသည်နှင့် ကုန်စည် အတင်အချပြုလုပ်ခြင်း ရှိ မရှိ၊ သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း သွားလာခြင်း၊ ပြန်လည်ထွက်ခွာခြင်း ရှိ မရှိ စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးစေခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ပြုရမည်။

( စ )အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခုမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား တရားဝင် ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုပြီး ပြည်တွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုရမည်။

(ဆ) ပြည်ပမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက နိုင်ငံတော်မှ တစ်ဆင့် ဖြတ်သန်း၍ အခြားစာချုပ်ဝင်နိုင်ငံသို့ သယ်ယူပို့ဆောင်သည့် ကုန်စည်များအတွက် အခြားအခွန်အခများမှအပ အကောက်ခွန်ကင်းလွတ်ခွင့်ပြုရမည်။

( ဇ )အခြားစာချုပ်ဝင်နိုင်ငံ တစ်ခုမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့်ကုန်စည်များအတွက် အကောက်ခွန်နှင့် အခြားအခွန်အခများကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံရမည်။

၄၂။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များသည် ၎င်းတို့၏ သက်တမ်းရှိ နိုင်ငံကူးလက်မှတ် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ခရီးသွားလက်မှတ်ကို ကိုင်ဆောင်ထားရမည်ဖြစ်ပြီး ဒေသဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်အရ ဖြစ်စေ ဗီဇာကင်းလွတ်ခွင့်ပြုမထားလျှင် ဗီဇာ သို့မဟုတ် အနည်းဆုံး တစ်နှစ်အတွင်း အကြိမ်ကြိမ်ဝင်ထွက်ခွင့်ဗီဇာထုတ်ပေးရန် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၃။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၄၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး ဒေသဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်အရဖြစ်စေ ဗီဇာကင်းလွတ်ခွင့်ပြုမထားလျှင် သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်းပြီး လျှောက်ထားသူအား ဗီဇာ သို့မဟုတ် အနည်းဆုံး တစ်နှစ်အတွင်း အကြိမ်ကြိမ်ဝင်ထွက်ခွင့် ဗီဇာထုတ်ပေးနိုင်သည်။

၄၄။ ပြည်ပမှ နယ်စပ်ဖြတ်ကျော်၍ပြည်တွင်းသို့ ဝင်ရောက်ခြင်းနှင့်စပ်လျဉ်း၍-

(က) အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိ မှတ်ပုံတင်လက်မှတ်ကို မော်တော်ယာဉ်နှင့်အတူ သယ်ဆောင်ထားရှိရမည်။ ထို့ပြင် မှတ်ပုံတင်နံပါတ်ပြားကို သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၏ရှေ့နှင့် နောက်တွင် တပ်ဆင်ထားပြီး မှတ်ပုံတင်ထားသည့်နိုင်ငံ၏ အမှတ်အသားကို သိသာထင်ရှားအောင် ပြသထားရမည်။

( ခ ) သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်သည် နိုင်ငံတော်က သတ်မှတ်ထားသော မော်တော်ယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ မီးခိုးထုတ်လွှင့်မှုနှင့် လေထုညစ်ညမ်းမှု စံချိန်စံညွှန်းများနှင့် မော်တော်ယာဉ် ဝန်တင်ခံနိုင်ရည် အလေးချိန် စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

( ဂ )အခြားစာချုပ်ဝင်နိုင်ငံက ထုတ်ပေးထားသည့် မော်တော်ယာဉ်မှာ ကြံ့ခိုင်ကောင်းမွန်ကြောင်း စစ်ဆေးထားသည့် မော်တော်ယာဉ် စစ်ဆေးခြင်းလက်မှတ် ပါရှိရမည်ဖြစ်ပြီး လုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသည့် စစ်ဆေးရေးအဖွဲ့သည် ထိုမော်တော်ယာဉ် စစ်ဆေးခြင်းလက်မှတ်ကို အသိအမှတ်ပြုရမည်။

(ဃ) ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၏ ပိုင်ရှင်သည် ထိုမော်တော်ယာဉ်အတွက် နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ သူတစ်ပါးထိခိုက်မှု အာမခံထားရှိရမည်။

( င )အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိ မှတ်ပုံတင်လက်မှတ်မှာ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ထိုမော်တော်ယာဉ်အတွက် ယာယီအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၄၅။ ပြည်တွင်းမှ နယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင်နိုင်ငံအတွင်းသို့ သယ်ယူပို့ဆောင်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့သည် ပုဒ်မ ၄၄ ပါ လိုအပ်ချက်များကို အပြန်အလှန် ဆီလျော်သလို လိုက်နာဆောင်ရွက်ရမည်။

၄၆။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၏ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည်-

(က) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းလိုင်စင်ကို ယာဉ်မောင်းနှင့်အတူ အမြဲကိုင်ဆောင် ထားရှိရမည်။

(ခ) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်နောက်လိုက်လိုင်စင်ကို ယာဉ်နောက်လိုက်နှင့်အတူ အမြဲကိုင်ဆောင်ထားရှိရမည်။

(ဂ) ပြည်တွင်းမှ မော်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

၄၇။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၄၆ အရ ကိုင်ဆောင်ထားသည့် ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်နောက်လိုက်လိုင်စင်တို့ကို အသိအမှတ်ပြုပြီး ယာယီအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၄၈။ ဒေသဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ နိုင်ငံတော်၏ နယ်စပ်ကို ဖြတ်ကျော်၍ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်မှုနှင့် စပ်လျဉ်း၍ သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၊ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့သည် ဤအခန်းပါ ပြဋ္ဌာန်းချက်များအပြင် အောက်ပါအချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော အချက်များကို လိုက်နာရမည်-

(က) ဘေးအန္တရာယ်ရှိသော ကုန်စည်များ သယ်ယူပို့ဆောင်ခြင်း၊

( ခ ) နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း၊

( ဂ ) ပုပ်သိုးပျက်စီးလွယ်သောကုန်စည်များ သယ်ယူပို့ဆောင်ခြင်း လိုက်နာဆောင်ရွက်ရမည့်အချက်များ၊

(ဃ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေမည့်အချက်များ၊

( င ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသည်များ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခြင်း၊

( စ )စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းခြင်းနှင့် ပြည်တွင်း အကောက်ခွန် ရှင်းလင်းခြင်းစနစ်၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် အချက်ပြစနစ်များ၊

( ဇ )သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ ယာယီတင်သွင်းခြင်း၊

( ဈ ) နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအား လုပ်ငန်းလိုင်စင် ထုတ်ပေးရာတွင် လိုအပ်ချက်များ၊

(ည) ကုန်စည်များသယ်ယူပို့ဆောင်ရာတွင် စည်းကမ်းချက်များ၊

( ဋ ) လမ်း၊ တံတားဒီဇိုင်းနှင့် ဆောက်လုပ်ရေး စံချိန်စံညွှန်းများ၊ အဆင့်အတန်းအသေးစိတ်ဖော်ပြချက်များနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊

( ဌ )နယ်စပ်ဖြတ်ကျော်ခြင်းနှင့် စာချုပ်ဝင်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းရာတွင် လွယ်ကူအဆင်ပြေစေခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊

( ဍ )သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထက်ပို၍ သယ်ယူပို့ဆောင်ရာတွင် လျော်ကြေးပေးလျော်ရန်တာဝန်၊

( ဎ )ကွန်တိန်နာနှင့် သယ်ယူပို့ဆောင်ရာတွင် အကောက်ခွန်စနစ်၊

(ဏ) ကုန်စည်အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းစနစ်၊

(တ) ယာဉ်မောင်းလိုင်စင်အတွက် လိုအပ်ချက်များ၊

(ထ) နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ အဝင်အထွက်ဂိတ်သတ်မှတ်ခြင်းနှင့် လမ်းကြောင်းသတ်မှတ်ခြင်း၊

( ဒ )နိုင်ငံဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရာတွင် ကောက်ခံမည့် အခကြေးငွေများ၊

( ဓ )နိုင်ငံဖြတ်ကျော်၍ မော်တော်ယာဉ် ဝင်ထွက်နိုင်သည့် ခေါက်ရေအကြိမ်၊ စီးရေ၊ ဝန်ဆောင်မှုပေးနိုင်သည့် စွမ်းအား၊ ခွင့်ပြုချက်ပေးနိုင်သည့် ခွဲတမ်းအရေအတွက်။

## အခန်း(၉)
## အခကြေးငွေများသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း

၄၉။ ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများတွင် သတ်မှတ်ရမည်-

(က) လုပ်ငန်းလိုင်စင်ခနှင့် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခများ၊

(ခ) ခွင့်ပြုချက်အတွက် ဝန်ဆောင်မှု အခကြေးငွေများ၊

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ။

၅၀။ ဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံနိုင်သည်။

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

## အခန်း ( ၁၀ )
## စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ခြင်း

၅၁။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ပြေးဆွဲသည့် လုပ်ငန်းလိုင်စင်ရရှိသူကဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူကဖြစ်စေ လုပ်ငန်းလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က )ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

( ခ )လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ပြေးဆွဲသည့်လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

( ခ )လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၃။ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် ပုဒ်မ ၅၂ ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်များအနက် ပုဒ်မ ၅၂၊ ပုဒ်မခွဲ (က)ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ကိုသာ မိမိ၏ဆုံးဖြတ်ချက်ဖြင့် ချမှတ်နိုင်သည်။ အကယ်၍ ပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ)ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ကို ချမှတ်ရန် လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန၏ သဘောတူညီချက်ဖြင့်သာ ချမှတ်နိုင်သည်။

## အခန်း(၁၁)
## အယူခံခြင်း

၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာနက ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို ကျေနပ်မှုမရှိသူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ဦးစီးဌာနသည် ပုဒ်မ ၅၄ အရ အယူခံမှုကိုစိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ချမှတ်သော အမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာနက ဖြစ်စေ ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကို ကျေနပ်မှုမရှိသူသည် ထိုပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၇။ ဦးစီးဌာနသည် ပုဒ်မ ၅၆ အရ အယူခံမှုကိုစိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာန သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၈။ ဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကို ကျေနပ်မှုမရှိသူသည် ထိုပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၈ အရ အယူခံမှုကိုစိစစ်ပြီး ဦးစီးဌာနက ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၀။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို ကျေနပ်မှုမရှိသူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၁။ ဝန်ကြီးဌာနသည် ပုဒ်မ ၆၀ အရ အယူခံမှုကိုစိစစ်ပြီး ဦးစီးဌာနက ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၆၂။ ဦးစီးဌာနက ပုဒ်မ ၅၅ အရ ဖြစ်စေ၊ ပုဒ်မ ၅၇ အရ ဖြစ်စေအယူခံမှုတွင် ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိသူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၆၂ အရ အယူခံမှုကိုစိစစ်ပြီး ဦးစီးဌာနက ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း(၁၂)
## တားမြစ်ချက်များ

၆၄။ မည်သူမျှ -

(က) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်မရှိဘဲ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာယီဝင်ရောက်ခွင့်အတွက် သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့်အတွက်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၆၅။ မည်သူမျှ လုပ်ငန်းလိုင်စင်ကိုဖြစ်စေ၊ ခွင့်ပြုချက်ကိုဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်သည့် စာတမ်းအမှတ်အသားများကိုဖြစ်စေ-

(က) စာရွက်စာတမ်း အမှတ်အသားများကို ပြောင်းလဲခြင်း သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်ရန် ပြုပြင်ခြင်းမပြုရ၊

(ခ) အတုအပပြုလုပ်ခြင်း မပြုရ၊

(ဂ) သက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်နှင့် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှအပ အခြားနေရာများတွင် အသုံးမပြုရ။

၆၆။ မည်သူမျှ ခိုင်လုံသော အကြောင်းမရှိဘဲ-

(က) နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသောလမ်းကြောင်းနှင့် ခရီးစဉ်အတိုင်း မဟုတ်ဘဲ ပြောင်းလဲ၍ ပြေးဆွဲခြင်းမပြုရ။

( ခ )နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်းမဟုတ်ဘဲ ထွက်ခွာရမည့်အချိန် ကျော်လွန်ခြင်း သို့မဟုတ် ထွက်ခွာရမည့်အချိန်ကျော်လွန်၍ ထွက်ခွာခြင်းမပြုရ။

၆၇။ မည်သူမျှ -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်မရှိဘဲ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်မရှိဘဲ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၆၈။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများမှတစ်ပါး လုပ်ငန်းလိုင်စင်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရဘဲ လွှဲပြောင်းခြင်းမပြုရ။

၆၉။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများနှင့် အမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၀။ ဤအခန်းပါ မည်သည့်ပြဋ္ဌာန်းချက်မှ ဖျားနာသူများ၊ ဒဏ်ရာရသူများ သို့မဟုတ် သေဆုံးသူများကို သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်ဖြင့် အရေးပေါ်သယ်ယူပို့ဆောင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်သူများအား အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ အရေးပေါ် ကူညီကယ်ဆယ်ရေးအတွက် အစားအစာများ၊ ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို ထောက်ပံ့ကူညီခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၁။ မည်သူမဆို ပုဒ်မ ၆၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၇ သိန်းမှ အများဆုံး ကျပ်သိန်း၇၀ ထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ မည်သူမဆို ပုဒ်မ ၆၇၊ ပုဒ်မခွဲ (က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၆၇၊ ပုဒ်မခွဲ (ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၇ သိန်းမှ အများဆုံး ကျပ်သိန်း ၇၀ ထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၆၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၇။ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၄)
## စီရင်ပိုင်ခွင့်အာဏာ

၇၈။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ကုန်စည်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်းအတွက် လျော်ကြေးတောင်းဆိုခြင်းနှင့်စပ်လျဉ်း၍ တရားလို၏ ဆန္ဒအရ အောက်ဖော်ပြပါ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ နေရာဒေသတစ်ခုခုရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည် -

(က) ကုန်စည် စတင်သယ်ဆောင်သည့်နေရာ သို့မဟုတ် သွားရောက်သည့်ခရီးစဉ် အဆုံးနေရာဒေသ၊

( ခ )ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို သိရှိလျှင် ထိုသို့ သိရှိသည့်နေရာဒေသ၊

( ဂ )သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ အဓိကပင်မ စီးပွားရေးလုပ်ငန်းတည်ရှိရာနေရာဒေသ၊

(ဃ) လျော်ကြေးတောင်းဆိုသည့် တရားလို အမြဲတမ်းနေထိုင်သည့် နေရာဒေသ၊

( င )ပုဒ်မခွဲ (က)မှ (ဃ)အထိ ပါရှိသော နေရာဒေသ တစ်ခုခုအနက် တရားလိုနှင့် တရားပြိုင်တို့နှစ်ဦး သဘောတူသည့် ဒေသ။

၇၉။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ကုန်စည်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်းအတွက် လျော်ကြေးတောင်းဆိုရာတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနုညာတ ခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို တရားလိုနှင့် တရားပြိုင်တို့ နှစ်ဦး သဘောတူလျှင် ပုဒ်မ ၇၈ ပါ နေရာဒေသတစ်ခုခုတွင် အနုညာတ ခုံသမာဓိဖြင့် ဖြေရှင်းနိုင်သည်။

## အခန်း(၁၅)
## အထွေထွေ

၈၀။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဤဥပဒေအရ နစ်နာဆုံးရှုံးမှုတစ်ခုခုအတွက် အကြောင်းကြားစာပေးပို့ခြင်း၊ တရားရုံးနှင့် အနုညာတ ခုံသမာဓိရုံးတို့တွင် တရားစွဲဆိုခြင်း၊ တင်ပြတောင်းဆိုခြင်း၊ လျှောက်ထားခြင်းနှင့် ကာလစည်းကမ်းသတ်တို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ တစ်ရပ်ရပ်ဖြင့် သီးခြားထုတ်ပြန်၍ သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။ ထိုသို့သတ်မှတ်ထားခြင်းမရှိလျှင် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

၈၁။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ ပြေးဆွဲလုပ်ကိုင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဤဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏ လွှဲအပ်တာဝန်ပေးထားသည့် ခရိုင်ဦးစီးဌာနနှင့် မြို့နယ်ဦးစီးဌာန တို့ကဖြစ်စေ ကောက်ခံသော လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီသက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၈၂။ ဤဥပဒေပါ လုပ်ငန်းလိုင်စင်ရယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်သည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာနများက အများပြည်သူ အကျိုးငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် မသက်ဆိုင်စေရ။

၈၃။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဤဥပဒေပါပြဋ္ဌာန်းချက် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ အကျိုးသက်ရောက်စေခြင်းမှ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

၈၄။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း များ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ချီးမြှင့်ငွေ ကို ခံစားခွင့်ရှိသည်။

၈၅။ အမျိုးသားကော်မတီ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ တို့၏ ကုန်ကျစရိတ်အဝဝကို ဝန်ကြီးဌာန၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း မှ ကျခံရမည်။

၈၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၈၇။ ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ကုန်ကျစရိတ်အဝဝကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းမှ ကျခံရမည်။

၈၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း များ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဒေသဆိုင်ရာကြီးကြပ် ကွပ်ကဲရေးအဖွဲ့ဝင်များ၊ ယင်းကော်မတီနှင့်အဖွဲ့တို့၏ ဝန်ထမ်းများသည် ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့် အချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၉။ ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပုဒ်မ ၈၈ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟုမှတ်ယူရသော ပုဂ္ဂိုလ်တစ်ဦးဦးကို တရားမကြောင်းဖြင့်လည်း ကောင်း၊ ပြစ်မှုကြောင်းဖြင့်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၉၀။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ ထုတ်ပေးထားသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် သက်တမ်းမကုန်ဆုံးသေးသော လိုင်စင်ကို ဤဥပဒေအရထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ဟု မှတ်ယူရမည် ဖြစ်ပြီး ထိုလုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးသည့်နေ့အထိသာ အတည် ဖြစ်စေရမည်။ ထိုလုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက် လုပ်ကိုင်ဆောင်ရွက်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ ဤဥပဒေ နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၉၁။ ဤဥပဒေအရ လိုအပ်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းမပြုမီ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ အရထုတ်ပြန်ထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း များ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲ ရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက် များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ )ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၉၃။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ် များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ဖြိုင့်သိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

# လင်္ကာဒီပ နိုင်ငံရေးဘဝသံသရာ

à ကိုရင်ဩ

တောင်အာရှဒေသရှိ အရွယ်သေးသော်လည်း အရေးကြွယ်သည့် ကျွန်းနိုင်ငံမှာ ဗုဒ္ဓစာပေကျမ်းဂန်တို့၌ 'လင်္ကာဒီပ' ဟု ထင်ရှားခဲ့သော သီရိလင်္ကာနိုင်ငံပင်ဖြစ်လေ၏။

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်တွင် ဗုဒ္ဓအယူဝါဒ နေလိုလလို ထွန်းပခဲ့သော ကျွန်း၊ ယွန်းထည် ဆွမ်းအုပ်၏ ပုံသဏ္ဌာန်ကဲ့သို့ မြေမျက်နှာပြင် တည်ရှိရာကျွန်း စသည်ဖြင့်လည်း ဝိသေသလက္ခဏာအပေါင်း ခညောင်း၏။

လင်္ကာဒီပ (ခေါ်) သီဟိုဠ်ကျွန်း၏ သမိုင်းကြောင်းကို မဟာဝံသ၊ ဒီပဝံသ(ခေါ်) ရှေးမှတ်တမ်းများတွင် ရေးဖွဲ့ထားလေသည်။

ရာမမင်းသား၏ ကြင်ရာတော် သီတာဒေဝီကို လင်္ကာဒီပ ကျွန်းရှင် ရာဝဏ (ဒသဂီရိ)(ခေါ်) နတ်ဘီလူးက အိန္ဒိယနိုင်ငံမှ ခိုးယူပြေးလာရာ ရာမမင်းသားလိုက်လာ၍ ရာဝဏအား အောင်နိုင်ပြီးလျှင် ရာမမင်း၏ တန်ခိုးအာဏာစက် ဖြန့်ကြက်ခဲ့ရာ ဌာနအဖြစ် ဟိန္ဒူအယူဝါဒီတို့က အမြတ်တနိုး ရှိကြလေသည်။

သီရိလင်္ကာနိုင်ငံ၏ ခေတ်သမိုင်းကို ဝါးလုံးထောက်ခုန် ကြည့်ရှုလတ်သော် ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တို့က အာရှအရှေ့တောင်ပိုင်း စစ်ဌာနချုပ်ကို သီဟိုဠ်ကျွန်း၌ ဖွင့်လှစ်ထားခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အရှေ့တောင်အာရှမှ ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်ရန် မဟာမိတ်တပ်များကို သီဟိုဠ်ကျွန်း၌ လေ့ကျင့်ပေးခဲ့သည်။ စစ်ကြီးပြီးဆုံးပြီးနောက် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှအစိုးရက သီဟိုဠ်ကျွန်းကို ဗြိတိသျှနေသဟာယအဖွဲ့ဝင် ဒိုမီနီယန်နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ပေးခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် သီဟိုဠ်နိုင်ငံကို အမည်ပြောင်း၍ လွတ်လပ်သော သီရိလင်္ကာနိုင်ငံဖြစ်လာခဲ့လေသည်။

ဗုဒ္ဓဘာသာဝင် ဆင်ဟာလိ အများစုနှင့် နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ လွတ်လပ်သော ပြည်နယ်ထူထောင်လိုသည့် ဟိန္ဒူတမီးလ် လူနည်းစုတို့အကြား နိုင်ငံရေးတင်းမာမှုများ မြင့်တက်လာခဲ့ခြင်းသည် ပြည်တွင်းစစ်သို့တိုင် ဦးတည်ခဲ့လေသည်။

သီရိလင်္ကာပြည်တွင်းစစ်မီးမှာ ၃၇ နှစ်တာမျှ တငွေ့ငွေ့လောင်မြိုက်ခဲ့၏။ တမီးလ်ကျားသူပုန်အဖွဲ့၏ တော်လှန်ပုန်ကန်မှုမှာ ၂၀၀၉ ခုနှစ်တွင် လုံးဝဖြိုခွင်းခံခဲ့ရ၏။ ပြည်တွင်းစစ်၏ နောက်ဆုံးလများတွင် အရပ်သူ၊ အရပ်သား ၄၀၀၀၀ ကျော် သေဆုံးခဲ့ရသည်ဟု စွပ်စွဲချက်များ ပေါ်ထွက်ခဲ့ပြီး ကုလသမဂ္ဂက စုံစမ်းစစ်ဆေးနိုင်ရန် ကြိုးပမ်းခဲ့လေသည်။

၁၉၇၂ ခုနှစ်တွင် စတင်ခဲ့ပြီး လူပေါင်း တစ်သိန်းခန့်မျှ သေဆုံးခဲ့ရသည့် ပြည်တွင်းစစ်ပွဲအပြီးတွင် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံရေးအလှည့်အပြောင်း အချိုးအကွေ့များကို စိတ်ဝင်စားဖွယ် တွေ့ရှိနိုင်လေသည်။

**မဟိန္ဒ ရာဇာပက္ကဆာ**

မဟိန္ဒ ရာဇာပက္ကဆာသည် ၂၀၀၅ ခုနှစ်တွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ၂၀၁၀ ပြည့်နှစ်တွင် ဒုတိယမြောက် သမ္မတရာထူးသက်တမ်းကို ဆက်လက်ထမ်းရွက်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ ဆင်ဟာလိ ဗုဒ္ဓဘာသာဝင်များအတွင်း ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်သဖွယ် ပျစ်ပျစ်နှစ်နှစ် ထောက်ခံမှုကို မမှတ်မသုန် ရရှိခဲ့သူဖြစ်၏။

သူသည် သီရိလင်္ကာမြောက်ပိုင်း၌ နှစ်ပရိစ္ဆေဒရှည်ကြာစွာ ရန်ဆူးရန်ငြောင့် ပြုခဲ့လေသော တမီးလ်သူပုန်အဖွဲ့ကို ဖြိုခွဲခဲ့ပြီးနောက် စစ်ဦးစီးချုပ်အဖြစ်မှ နုတ်ထွက်ကာ နိုင်ငံရေးနယ်ပယ်အတွင်းသို့ တိုးဝင်ခဲ့သူဖြစ်လေသည်။

သူသည် သမ္မတရာထူးသက်တမ်းတစ်လျှောက် လူကြိုက်များသူ ဖြစ်ခဲ့သော်လည်း ယခုနှစ် ၂၀၁၅ နှစ်ဦးပိုင်း ရွေးကောက်ပွဲတွင် နိုင်ငံရေး ကာပြန်မှုများနှင့် တွေ့ကြုံခဲ့ရလေသည်။ အကြောင်းကား အတိုက်အခံအုပ်စုများက ပိုမိုအားကောင်းလာခြင်းကြောင့်ပင်။

ယခုနှစ် ဇန်နဝါရီ ၈ ရက် ရွေးကောက်ပွဲတွင် ရာဇာပက္ကဆာအနေဖြင့် မမျှော်လင့်သော နိုင်ငံရေးထိုးနှက်ချက်ကို တွေ့ကြုံခံစားခဲ့ရသည်။ ကနဦးအားဖြင့် တတိယမြောက် သမ္မတရာထူးသက်တမ်းအတွက် အလားအလာ အကောင်းဆုံး၊ ရေပန်းအစားဆုံးဖြစ်ခဲ့သူ ဖြစ်လင့်ကစား သူ၏ဘုန်းကံကို စိန်ခေါ်သူတစ်ဦး ပေါ်ထွက်လာခဲ့သည်။ အနီ စိန်ခေါ်သူကား မိုင်သရီပါလာဆရီဆေနာဖြစ်လေ၏။

**မိုင်သရီပါလာ ဆရီဆေနာ**

ပြည်သူများအတွင်း ရေပန်းစားသည့် ကျန်းမာရေးဝန်ကြီး မိုင်သရီသည် မမျှော်လင့်ဘဲ ဘက်ပြောင်းသွားခဲ့ခြင်းကြောင့် သမ္မတရာဇာပက္ကဆာမှာ နိုင်ငံရေး ဆူးငြောင့်ခလုတ်နှင့် တွေ့ကြုံခဲ့ရသည်။

ယခုနှစ်ဦး ဇန်နဝါရီ ရွေးကောက်ပွဲတွင် တစ်ဖက်စောင်းနင်း အားသာနေမှု ချိန်ခွင်လျှာကို ရာဇာပက္ကဆာ ထိန်းမထားနိုင်တော့ဘဲ သူ၏အစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ကြီးဟောင်း ဆရီဆေနာနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရလေသည်။

ဆရီဆေနာသည် အဓိက အတိုက်အခံအုပ်စုနှင့်အတူ ရွေးကောက်ပွဲဝင်ခဲ့သည်။ ရလဒ်အားဖြင့် နိုင်ငံရေးအရ ဩဇာကြီးမားလှသည့် လက်ရှိအာဏာရပါတီအတွက် အကျပ်ရိုက်စရာဖြစ်ခဲ့ရလေသည်။

ဆယ်စုနှစ် တစ်စုခန့်မျှ အာဏာချုပ်ကိုင်ထားခဲ့ပြီး ၂၀၀၉ ခုနှစ်က တမီးလ်ကျားသူပုန်အဖွဲ့ကို ချေမှုန်းရာတွင် ကြီးကြပ်ခဲ့သူ ရာဇာပက္ကဆာမှာ အရှုံးနှင့်ရင်ဆိုင်ရကာ ဆရီဆေနာ အနိုင်ရသွားမှုနှင့် ပတ်သက်၍ နိုင်ငံရေးသုတေသီတို့ အလွန်ပင် အံ့အားသင့်ခဲ့ကြရလေသည်။

ဇန်နဝါရီလ ရွေးကောက်ပွဲတွင် ရာဇာပက္ကဆာ အမှတ်မထင် ရှုံးနိမ့်ခဲ့ရပြီးနောက် မိုင်သရီအာဏာရရှိလာသည်။

ရာဇာပက္ကဆာနှင့် မိုင်သရီတို့သည် တစ်ချိန်တစ်ခါက ပါတီတစ်ခုတည်းမှဖြစ်ခဲ့ကြသော်လည်း ကျန်းမာရေးဝန်ကြီးရာထူးမှ နုတ်ထွက်ကာ ဝါရင့်ခေါင်းဆောင်ကြီးကို ယှဉ်ပြိုင်သူ မိုင်သရီ၏ ဘက်ပြောင်းမှုကြောင့် မဟာမိတ်အဖြစ်မှ ရပ်စဲခဲ့ကြလေသည်။

မိုင်သရီသည် စိုက်ပျိုးရေးပညာရှင်အဖြစ် ဘဝကို ဖြတ်သန်းခဲ့သူဖြစ်ပြီး နိုင်ငံရေးတော်ဝင်အသိုက်အဝန်းမှ ဆင်းသက်လာသူလည်းမဟုတ်ခဲ့ပေ။

သူသည် ၁၉၈၉ ခုနှစ်တွင် အမတ်တစ်ဦးဖြစ်လာခဲ့ချိန်ရောက်မှသာ နိုင်ငံရေးပင်မရေစီးထဲ စီးမျောခဲ့သူဖြစ်သည်။ ၁၉၉၄ ခုနှစ်မှစ၍ ဝန်ကြီးဌာနများတွင် တာဝန်ပေးအပ်ခြင်းခံခဲ့ရလေသည်။

မိုင်သရီသည် သီရိလင်္ကာ လွတ်မြောက်ရေးပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလအထိ ကျန်းမာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

သူသည် အတိုက်အခံ ညွန့်ပေါင်းအုပ်စု၏ သမ္မတလောင်းအဖြစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ယင်းရွေးကောက်ပွဲ၌ အမှတ်မထင် အောင်ပွဲခံခဲ့ပြီး သမ္မတအဖြစ် ရွေးချယ်ခံရသည်။

ပြည်တွင်းစစ် ခေတ်လွန်ကာလ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ အားမလိုအားမရ ရှိနေကြသူ မဲဆန္ဒရှင်များနှင့် ဂိုဏ်းဂဏအကြမ်းဖက်မှုများ တိုးပွားလာနေမှုအပေါ် စိတ်ပျက်နေသော မဲဆန္ဒရှင်များက ရာဇာပက္ကဆာအား ထောက်ခံခြင်းမရှိကြတော့ဘဲ မိုင်သရီအား ရွေးချယ်ခဲ့ကြလေသည်။ တစ်နည်းအားဖြင့် မိုင်သရီအား ထောက်ခံလိုခြင်းထက် ရာဇာပက္ကဆာအား ဆန့်ကျင်လိုခြင်းကြောင့် ရွေးကောက်ပွဲရလဒ် အမှတ်မထင် ပြောင်းလဲသွားခဲ့ခြင်းဖြစ်လေသည်။

**၂၀၁၅ ပါလီမန်ရွေးကောက်ပွဲကြီး**

ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲကြီးတွင် အမတ် ၂၂၅ ဦးကို ရွေးချယ်ခဲ့ကြလေသည်။

အာကာဏရ ညီညွတ်သော အမျိုးသားပါတီ (UNP) သည် ပါလီမန်ရွေးကောက်ပွဲ၌ အောင်ပွဲခံခဲ့ပြီး ယခုအခါ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိလေသည်။

ဝန်ကြီးချုပ် ရာနီးလ်ဝီကရီဆင်းဟာ ဦးဆောင်သည့် ညီညွတ်သော အမျိုးသားပါတီ (UNP) နှင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် သမ္မတ မိုင်သရီပါလာဆရီဆေနာ ဦးဆောင်သော သီရိလင်္ကာလွတ်မြောက်ရေးပါတီ (SLFP) က ဩဂုတ် ၂၀ ရက်တွင် သဘောတူညီခဲ့လေသည်။

သီရိလင်္ကာနိုင်ငံ၌ အနည်းဆုံး နှစ်နှစ်တာကာလမျှ တည်ငြိမ်သော ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ရေးအတွက် ပါလီမန်ရွေးကောက်ပွဲ၌ အောင်ပွဲခံပါတီနှင့် ပူးပေါင်းဆောင်ရွက်ရန် သီရိလင်္ကာလွတ်မြောက်ရေးပါတီ ဆုံးဖြတ်ခဲ့သည်။

သီရိလင်္ကာလွတ်မြောက်ရေးပါတီ၏ ဥက္ကဋ္ဌဖြစ်သူ မိုင်သရီပါလာသည် ပါတီဗဟိုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ သမ္မတဟောင်း ချန်ဒရေကာကုမာရတွန်ဂါလည်း တက်ရောက်ခဲ့သည်။

ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးဆိုင်ရာ လုပ်ငန်းစဉ်အတွက်မူဝါဒရေးဆွဲနိုင်ရန် သမ္မတဟောင်း ကုမာရတွန်ဂါဦးဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါ ကော်မတီတစ်ရပ်ဖွဲ့စည်းရန် ပါတီဗဟိုကော်မတီက ဆုံးဖြတ်ခဲ့သည်။

UNP ပါတီဦးဆောင်သော အမျိုးသားညီညွတ်ရေးတပ်ဦး (UNF) သည် ရွေးကောက်ပွဲတွင် အမတ်နေရာ ၁၀၆ နေရာ ရရှိခဲ့သည်။ သို့ရာတွင် အမတ်နေရာ ၂၂၅ နေရာရှိ ပါလီမန်၌ အများစုအနေအထားကို ပြည့်မီရန် အမတ်နေရာ ခုနစ်နေရာ လျော့နည်းနေသည်။

အသက် ၆၆ အရွယ်ရှိ ဝီကရီဆင်းဟာသည် ဩဂုတ် ၂၁ ရက်တွင် စတုတ္ထအကြိမ် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ အမျိုးသားအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ရန် UNP ပါတီနှင့် ပူးပေါင်းဆောင်ရွက်ရန် အခြားသော နိုင်ငံရေးပါတီများကို သူက ဖိတ်ခေါ်ခဲ့သည်။

သမ္မတဟောင်း ရာဇာပက္ကဆာမှာမူ ဝန်ကြီးချုပ်နေရာကို မရနိုင်တော့ဘဲ ပါလီမန်အမတ်တစ်ဦးအဖြစ် နိုင်ငံရေးတွင် ဆက်လက်၍ အသက်ဝင်လှုပ်ရှားနေပေဦးမည်။

သီရိလင်္ကာနိုင်ငံ၏ စစ်ဘုရင်အဖြစ် ထင်ပေါ်ကျော်ကြားခဲ့သူ ရာဇာပက္ကဆာသည် နိုင်ငံရေး ဘဝသံသရာကို ဆင်ခြင်လျက် လင်္ကာဒီပ ခေတ်သမိုင်းမရိုင်းစေလိုသော ဆန္ဒမွန်ဖြင့် ရွေးကောက်ပွဲရလဒ်ကို အသာတကြည် လက်ခံခဲ့ခြင်း ပါလီမန်ဒီမိုကရေစီစနစ်ကို အားပေးမြှင့်တင်လိုသော သူ့စိတ်ဓာတ်ကို အထင်အရှား ပြသခဲ့သည်ဟု ကျွန်ုပ်တွေးဆမိလေသည်။ ။



ဩဂုတ် ၂၁ ရက်က ဝီကရီဆင်းဟာ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုစဉ်။



ဩဂုတ် ၁၇ ရက် ရွေးကောက်ပွဲအတွက် မဲပုံးများ သယ်ဆောင်ကြစဉ်။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

အဲဒီလိုပဲလိုက်ထည့်သွား၊ လွမ်းဖွယ်ကောင်းတဲ့တို့တောရွာ. . နေရာမှာ သတ်ဖို့ခိုင်းတဲ့ ငဘမော်လို့ ထည့်လိုက်၊ အဲဒီအတိုင်းပဲ ထည့်သွား၊ သီချင်းတစ်ခုလုံးရသွားမှာပဲ၊ . . ဆိုကြည့်"

**အခန်း-၁၆**

**မဆုံတွေ့တတ်သည့်မြေ**

ရွှေရောင်ဝင်းသော မြသလွန်စေတီတော်၊ ဝိုက်ကာကွေးသော မြစ်ကြီးဧရာ . . . ဤနှစ်ပါးသော သင်္ကေတလက္ခဏာနှင့် ထူးခြားအပ်သည့် မကွေးမြို့တော်ဆီသို့ ပထမဦးဆုံးအကြိမ်အဖြစ် သက်ခိုင် ရောက်လာခဲ့ရ၏။

ရေနံချောင်းက ကုန်းထူသမျှ မကွေးဆီကျတော့ မြေတို့က အတိုင်းမသိ ပြန့်ပြောညီညာသည်။ ရေနံချောင်းမှ သစ်ပင်သမျှက ပုနိမ့်ကြုံလှီသော်လည်း မကွေးမှ သစ်ပင်တိုင်းသည် သက်ခိုင်၏ အမြင်တွင် မြင့်မားနေ၏။ အထူးသဖြင့် တမာပင်ကြီးများနှင့် ကုက္ကိုပင်ရိပ်ကြီးများက မြင့်မားထွားကျိုင်းလွန်းလှသည်။ လွင်ကျယ်ကျယ်တွင် ဟိုတစ်ခု သည်တစ်စု မြင်ရတတ်သော ထန်းတောအုပ်စုတို့ကပင် အမြင်အေးလှသည်။ မြို့အနေနှင့်မူ ရေနံချောင်းလောက် မစည်ဘဲ လူသူနှင့် ယာဉ်ရထား ရှင်းသကဲ့သို့ ဖြစ်နေ၏။

အမှန်မှာ . . . လူမှန်းသိတတ်ကတည်းက သက်ခိုင်သည် ရေနံချောင်းမှအပ အခြားမည်သည့်မြို့ ရွာများသို့မျှ မရောက်ဖူး။ ယခု မြင်သမျှတွေ့သမျှသည် ဆန်းသစ်၍ ချစ်ဖွယ်၊ အံ့ဖွယ်၊ နှစ်သက်ဖွယ်ရှိနေ၏။

ဆောင်းကာလဖြစ်သောကြောင့်လည်း မကွေးသည် အမှန်ပင်ချစ်ဖွယ်ရာ လှပနေ၏။

နံနက်စောစောဆိုလျှင် ဖွေးဖွေးဖြူသော နှင်းငွေကမ္ဗလာကို ထူထူထဲထဲမြင်ရသည်။ နေ့ခင်းများကား မပူ။ ညနေဆည်းဆာခင်းကား နှင်းမြူလွှမ်းလွှမ်းနှင့် လွမ်းဖွယ်ပင်နိုင်၏။

သက်ခိုင်၏ သေးငယ်နုနယ်သော နှလုံးသားသည် မကွေး၌ သိမ့်သိမ့်ခုန်၏။

သက်သက်နှင့် သက်ခိုင်တို့သည် မြသလွန်ရင်ပြင်တော်ရှိ ဇရပ်တစ်ခု၌ တည်းခိုကြ၏။ ဦးထင်ကျော်က မည်မျှခေါ်စေ. . . သက်သက်က ဦးထင်ကျော်၏ အိမ်၌ လိုက်မတည်း။ နံ့သာမွှေးနံ့ ကြိုင်၍ ဆည်းလည်းသံသာလွင်သော မြသလွန်ရင်ပြင်တော်တွင်သာ လွတ်လပ်စွာ တည်းခိုသည်။

ဤသို့ တည်းခိုကြစဉ် သက်ခိုင်သည် ဘောကျော်နှင့် ဘောသောတို့၏ မိတ်ဆွေရင်း ဖြစ်လာခဲ့သည်။ ဖြစ်လာခဲ့ရသည်။

အစ်ကိုဖြစ်သူ အထူးအာဏာရ တရားသူကြီး တစ်ယောက်လုံးက ကူညီနေသည် ဖြစ်လင့်ကစား သက်သက်သည် ကိုစိုးခိုင်နှင့် ချက်ချင်းတွေ့ခွင့်မရသေး။ သပိတ်ခေါင်းဆောင်များနှင့် တွေ့ခွင့်ရရေးကို ကော်မစ်ရှင်နာမင်းကြီး ကိုယ်တိုင်နှင့် အရေးပိုင်တို့သည် ရန်ကုန်မှ အထူးစုံထောက်များနှင့် အတူကြီးကြပ်ချုပ်ကိုင်ထားသည်။

သက်သက်နှင့် သက်ခိုင်သည် ထောင်ကြီးသို့ ဝင်မတွေ့ရမီ သုံးရက်ခန့်စောင့်ဆိုင်းနေခဲ့ရ၏။

ဦးထင်ကျော်သည် မကွေးမြို့ပေါ်တွင် ရုံးစိုက်ရသောကြောင့် မကွေးမြို့ပေါ်တွင်ပင် နေထိုင်သည်။ ယခုရက်များအတွင်း မလေးနွယ်ကလည်း မိဘများနှင့်အတူ လာနေနေ၏။

နံနက်မိုးလင်း၍ လက်ဖက်ရည်သောက်ပြီးချိန်တိုင်း၌ မလေးနွယ်သည် စက်ဘီးလေးစီးကာ မြသလွန်ရင်ပြင်တော်ဆီ ရောက်တတ်၏။

ကျောင်းပိတ်ချိန်တိုင်းတွင် ရေနံချောင်း၌တစ်ဝက်၊ မကွေး၌ တစ်ဝက်နေသော မလေးနွယ်သည် မကွေးတစ်မြို့လုံးကို လည်ပတ်နှံ့စပ်၏။

စက်ဘီးမစီးတတ်သော သက်ခိုင်သည် ရှက်ရှက်နှင့်ပင် မလေးနွယ်နင်းသော စက်ဘီးနောက်ထိုင်ခုံတွင် ထိုင်၍ လိုက်ပါရသည်။

မြသလွန်ကုန်းတော် အတက်အဆင်း၌သာ အခက်အခဲရှိသော်လည်း မြေပြန့်သော မကွေးမြို့၏ ကျန်နေရာများတွင် စက်ဘီးစီး လည်ရသည်မှာ မပင်ပန်းလှ။

မလေးနွယ် မောပန်းသောအခါ ကုန်းကြောင်းဆင်းလျှောက်ကြသည်။ ထိုအမျိုးတွင် မလေးနွယ်ကို လွတ်လပ်စွာ လျှောက်စေပြီး သက်ခိုင်က စက်ဘီးကို တွန်းလိုက်သည်။ သက်ခိုင်သည် စက်ဘီးကိုမူ ကောင်းကောင်းတွန်းနိုင်၏။

ဤသို့ လည်ပတ်ကြရင်း တစ်နံနက်ခင်းတွင် ကင်းချောင်းဘေးသို့ ရောက်သွားကြ၏။

ဘောကျော် ဘောသော ရုပ်တုကြီးများကို မြင်သောအခါ သက်ခိုင်က စက်ဘီးကို လက်ပံပင်တွင် ထောင်ထားလိုက်ပြီး ရုပ်တုကြီးများဆီ ပြေးသွားကြည့်၏။

မလေးနွယ်ကသာ ထိတ်လန့်တကြား အော်ဟစ်သတိပေးသည်။

"မောင်. . . အဲဒီအရုပ်ကြီးတွေဆီ မသွားနဲ့၊ ပြန်လာခဲ့"

သက်ခိုင်က ရုပ်တန့်ပြီး ပြန်မေး၏။

"ဘာလုပ်ဖို့ မသွားရမှာလဲ"

"အဲဒါ ဘောကျော်နဲ့ ဘောသော ဘီလူးရုပ်တွေ၊ မောင့်ကို ဖမ်းစားထားလိုက်မယ်"

သက်ခိုင်က ရယ်သည်။

"အရုပ်ကြီးတွေက သနားပါတယ်၊ လှုပ်တောင် မလှုပ်နိုင်ဘူး၊ မောင့်ကို ဘယ်လိုလုပ် ဖမ်းစားမှာလဲ၊ မမနွယ် ကြည့်နေ . . . မောင် လုပ်ပြမယ်"

သက်ခိုင်က အရုပ်ကြီးများအနီးသို့ ကပ်သွား၏။ အနီးသို့ရောက်သာအခါ အရုပ်တစ်ရုပ်ပေါ် ခုန်တက်လိုက်၏။ အပေါ်၌ ရပ်ရင်း သက်ခိုင်က အော်ပြောသည်။

"မမနွယ်. . ကြည့်စမ်း၊ မောင် ရပ်နေတာ သူတို့က ဘာမှ မလုပ်ဘူး၊ သဘောကောင်းပါတယ် မမနွယ်ရ"

မလေးနွယ်က မရယ်မပြုံးဘဲ သက်ခိုင် ရပ်ပြနေသည်ကို မကျေနပ်ဟန်နှင့် လှမ်းကြည့်နေသည်။

သက်ခိုင်က အရုပ်ပေါ်မှ ခုန်ဆင်း၍ ပြန်လာသောအခါ မလေးနွယ်က ဆောင့်ဆောင့်အောင့်အောင့်ကလေး ဖြင့်-

"လာ. . . ပြန်ကြရအောင်" ဟု ဆိုပြီး စက်ဘီးကို တွန်းကာ ရှေ့မှသွားနှင့်၏။

သက်ခိုင်သည် ရုပ်တုကြီးများကို လှည့်ကြည့် လှည့်ကြည့်ရပ်ရင်းနောက်မှ အမီလိုက်သည်။

"နေပါဦး . . . မမနွယ်ရ၊ ကြောက်လို့လား . . . မကြောက်ပါနဲ့၊ သူတို့က ဘာမှ မလုပ်ပါဘူး"

ထိုအခါကျမှ မလေးနွယ်က ရပ်ပြီး မျက်နှာလေးစူစူ နှုပ်ခမ်းလေး ထော်ထော်နှင့် ပြောသည်။

"မကြောက်ပါဘူး၊ အရုပ်ကြီးတွေ ဘာမှ မလုပ်နိုင်မှန်း မမနွယ်လည်း သိသားပဲ၊ ဒါပေမယ့် မုန်းတယ်"

"ဘယ်သူ့ကို မုန်းတာလဲ၊ မောင့်ကိုလား"

"မောင့်ကို မဟုတ်ပါဘူး၊ အဲဒီအရုပ်ကြီးတွေကို . . . ဘောကျော်နဲ့ ဘောသောကို"

"အို. . . ဘောကျော်နဲ့ဘောသောကို . . ဘာပြုလို့"

"ဘာပြုလို့ရမလဲ . . . မုန်းဖို့ကောင်းလို့ပါ၊ မောင် ပန်းချီကားထဲမှာ မဖတ်ရဘူးလား၊ သူတို့က ဘယ်လောက်တစ်ကိုယ်ကောင်းဆန်သလဲ၊ မြသလွန်လေးလည်း ရသွားရော . . သူတို့ နှမကို သူတို့ မေ့သွားရော၊ ဒါကြောင့် သူတို့ သိကြားမင်း ဒဏ်ခတ်ထိတာ၊ကောင်းတယ်"

မြသလွန်သမိုင်း ပန်းချီကားများကို ဖတ်ပြီးဖြစ်သောကြောင့် ဇာတ်လမ်းကိုသိပြီးသူ သက်ခိုင်မှာ ပြန်မချေနိုင်။ မလေးနွယ်ပြောသည်မှာ မှန်သလိုလိုရှိနေ၏။

အတန်ကြာမှာ ဖြေပြောရ၏။

"အင်းလေး. . . ဟုတ်ကဲ့လေ၊ ဟုတ်တော့ဟုတ်တာပေါ့၊ ဒါပေမယ့် ရက်စက်တာ မဟုတ်ပါဘူး၊ မေ့သွားလို့ပဲဥစ္စာ"

"မေ့တာလည်း ရက်စက်တာပဲပေါ့၊ အန်တီက ပြောပြတယ်၊ ယောကျ်ားဆိုတာမျိုးဟာ သိပ်ရက်စက်တာတဲ့၊ ကျားထက်တောင် ရက်စက်သေးတာတဲ့၊ မောင်လည်း မြသလွန်သာရကြည့်စမ်း၊ မမနွယ်ကို မေ့သွားမှာပဲ မဟုတ်လား"

"အို. . မမေ့ပါဘူး မမနွယ်ရာ၊ မောင်က ဘယ်တော့မှ မမေ့ပါဘူး"

"တကယ် ပြောတာလား"

"တကယ်ပါ မမနွယ်ရ၊ ပြီးတော့ ယောကျ်ားဆိုတာဟာလည်း မရက်စက်ပါဘူး၊ မမနွယ် အန်တီက အပျိုကြီးမို့ မဟုတ်တာတွေ ပြောတာ၊ တကယ်၊ ရက်စက်တာက မိန်းမတွေတဲ့၊ ဆင်မကြီးလိုကို ရက်စက်တာ"

"ဘာ. . . ဆင်မကြီးလိုကို ရက်စက်တယ်"

"အဟုတ်. . . ဘုရားစူး၊ အဲဒီဆင်မကြီး နာမည်က စူဠသုဘဒ္ဒါတဲ့"

"ဘယ်မှာလဲ. . . အဲဒီ စူဠသုဘဒ္ဒါက . . "

"ပုံထဲမှာပေါ့၊ နေဦး. . . ပုံ မဟုတ်ဘူး၊ ဘုရားဟောတာ၊ တကယ့်အဖြစ်အပျက်၊ မမနွယ် မကြားဖူးဘူးလား"

"ဟင့်အင်း . . . မမနွယ်ကို ပြောပြမလား"

"ပြောပြပါ့မယ်၊ ဒါပေမဲ့ ပုံက အရှည်ကြီးပဲ၊ ဘုရားရောက်တော့မှ မောင် အေးအေးဆေးဆေး ပြောပြမယ်၊ လာ. . . ပြန်ကြရအောင်"


မြသလွန်စေတီတော်၏ တံတိုင်းအပြင် မြောက်ဘက်ကမ်းနဖူး၌ အရိပ်အာဝါသ မြိုင်လှသောသစ်ပင်ကြီးတစ်ပင်ရှိသည်။ ဤသစ်ပင်ကြီးကို မှီလျက် မြစ်ပြင်ဆီမျက်နှာမူရင်း မလေးနွယ်က ထိုင်သည်။

မလေးနွယ်၏ဘေး မြေပြင်တွင် ထိုင်လျက် သက်ခိုင်က သူ့ထုံးစံအတိုင်း သီချင်းလေးများ ညှပ်ကာ အငိုအပြောအဆို အဟောတွေနှင့် ပုံပြောပြသည်။

သက်ခိုင်က ပြောပြသောပုံမှာ မမနွယ်ကို သူ မဖြစ်စေချင်ဆုံးသော စူဠသုဘဒ္ဒါနှင့် သူမဖြစ်ချင်ဆုံးသော ဆဒ္ဒန်ဆင်မင်းတို့၏ ကြေကွဲဖွယ် ဇာတ်လမ်းပေတည်း။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

VHSF
Victoria Health Support Foundation
Smiles With Victoria
Alliance for Smiles
Victoria Health Support Foundation နှင့်အမေရိကန်နိုင်ငံ Alliance for Smiles Organization တို့
ပူးပေါင်းပြီး တတိယအကြိမ်မြောက် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို
26th October 2015 မှ 6th November 2015 အထိ ဗိတိုရိယဆေးရုံ (Victoria Hospital) တွင်
အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။


အောက်တိုဘာလ ၅ ရက်နေ့အထိ နောက်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
အသေးစိတ်စုံစမ်းလိုပါက Hunt Line: 01 9666 141
Hot Line : 09 783 666 141, 09 783 666 142

# မြန်အောင်ရှိ လယ်များ ရေပြန်ကျသဖြင့် စပါးပြန်လည် စိုက်ပျိုးရန် မျိုးစပါးများ အရေးတကြီးလိုအပ်နေ



**မြန်အောင် သြဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ ရေကြီးနစ်မြုပ်လယ်ယာမြေများ ရေပြန်ကျသဖြင့် စပါးပြန်လည်စိုက်ပျိုးရန် မျိုးစပါးများ အချိန်မီလိုအပ်ချက်ရှိနေပြီး အချိန်မီ မျိုးစပါးမရရှိပါက လာမည့်နှစ်တွင် စပါးအထွက်နှုန်းသိသိသာသာ ကျဆင်းသွားမည်ဖြစ်ပြီး ကျွဲ၊ နွားများအတွက် အစာပါ ရှားပါးသွားနိုင်ကြောင်း လယ်သမားများက ပြောသည်။

မြန်အောင်မြို့နယ်တွင် လယ်ယာမြေဧကပေါင်း ၅၄၂၅၄ ဧကရေနစ်မြုပ်ခဲ့ပြီး သြဂုတ် ၂၀ ရက်တွင် ရေကျ၍ လယ်ယာမြေဧကပေါင်း ၃၀၆၇၇ ဧက ပြန်လည်ပေါ်နေပြီဖြစ်ကြောင်း မြို့နယ်စိုက်တိုးမြှင့်အဖွဲ့အတွင်းရေးမှူး ဦးတင်ဝင်းက ပြောသည်။

လယ်ယာမြေများ ရေနစ်မြုပ်ရာမှ ပြန်လည်ပေါ်နေပြီဖြစ်ရာ အမှန်တကယ်ပြန်လည်စိုက်ပျိုးလိုသော လယ်သမားများအတွက် မျိုးစပါးအခက်အခဲ၊ ထွန်စက်မောင်းရာတွင် လောင်စာဆီအခက်အခဲ၊ ငွေကြေးအခက်အခဲများနှင့် ကြုံတွေ့နေရသည်ဟု သရက်တော ကျေးရွာမှ လယ်သမားတစ်ဦးက ၎င်းတို့၏ အခက်အခဲကိုပြောသည်။

သရက်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက သရက်တောအုပ်စုတွင် လယ်ယာမြေစိုက်ပျိုးဧက ၃၅၂၀ရှိသည့်အနက် ၂၈၄၃ ဧကမှာ ရေကြီးနစ်မြုပ်ခဲ့သဖြင့် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း၊ ယခုအခါရေပြန်ကျပြီး လယ်ဧက ၆၃၀ ခန့်မှာ ပြန်လည်စိုက်ပျိုးရန်အတွက်မျိုးစပါးလိုအပ်နေကြောင်း၊ ယခုအခါ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့မှ သရက်တောအုပ်စု တောင်သူများသို့ မျိုးစပါး ၂၉ အိတ်၊ တောင်သူ ၁၁၆ ဦးအား တစ်ဦးလျှင် ကိုးပြည်နှုန်းဖြင့် သြဂုတ် ၂၀ ရက်က ပေးဝေပေးခဲ့ကြောင်း၊ အမှန်တကယ်စိုက်ပျိုးရန် ကျန်ရှိနေသောတောင်သူ ၆၀ ခန့်အား မျိုးစပါးထပ်မံပံ့ပိုးပေးရန် တာဝန်ရှိသူများအား တောင်းဆိုထားကြောင်း ပြောပြသည်။

အလားတူ သပြေကုန်းကျေးရွာအုပ်စု ငါးရံ့ဒိုင်းဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကလည်း သပြေကုန်းအုပ်စုနှင့် သဲဖြူအုပ်စုတို့ရှိ လယ်သမားများအတွက် မျိုးစပါး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တောင်းဆိုမှုကို မြန်အောင်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်းက မျိုးစပါးကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးမောင်ဝင်းက ပြောသည်။

မြို့မတိုက်နယ်အတွင်းရှိ မြို့မတဲကြီးကုန်းအုပ်စုမှ အမှန်တကယ်ပြန်လည် စိုက်ပျိုးလိုသော တောင်သူများကလည်း မျိုးစပါး လိုအပ်ချက်များကိုတောင်းဆိုရာ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ အတွင်းရေးမှူး မြေစာရင်းဦးစီးမှူး ဦးတင်ဝင်းက ဌာနဆိုင်ရာများမှ စုပေါင်းပြီး မျိုးစပါးလိုအပ်ချက် တချို့တစ်ဝက်ကို တတ်နိုင်သလောက် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

## တာချီလိတ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူ

**တာချီလိတ် သြဂုတ် ၂၂**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(၁)၊ ဝေါလ်ဗီရှင်(မြန်မာ) တာချီလိတ်နှင့် ထိုင်းနိုင်ငံ FOCUS( Foundation of Child Understanding) အဖွဲ့တို့ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲကို တာချီလိတ်မြို့ ဟောင်လိတ်လမ်းဆုံ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁) နှင့် လေယာဉ်ကွင်းလမ်းဆုံတို့၌ သြဂုတ် ၁၈ ရက် နံနက် ၈ နာရီခွဲက စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးပိုစတာစိုက်ထူရာတွင် ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ BCATIP ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှမင်းနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် FOCUS အဖွဲ့တို့တက်ရောက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးလှမင်း၊ ဝေါလ်ဗီရှင်(မြန်မာ) တာချီလိတ်မှ စီမံချက်မန်နေဂျာ ဒေါ်နန်းခမ်းခေါင်နှင့် ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် FOCUS မန်နေဂျာ Ms. Phensiri Pansiri တို့က အသိပညာပေးမြေစိုက်ပိုစတာအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

**ခရိုင်ပြန်/ဆက်**

## မူပိုင်ခွင့် (IP) သင်တန်းကို ကျိုက်လတ်တွင် ပထမဦးဆုံးအကြိမ်ဖွင့်မည်

**ကျိုက်လတ် သြဂုတ် ၂၂**

ဥပဒေပညာဘွဲ့ရများ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေအနုပညာရှင်များ၊ ဥပဒေပညာသင်ယူနေကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဗဟုသုတအနေဖြင့် လေ့လာလိုသူများအတွက် Tip Top Education Group rS WIPO, Switzerland မှ လက်မှတ်ရ DL 101 (IP) သင်တန်းကို ကျိုက်လတ်တွင် ပထမဦးဆုံးအကြိမ် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မူပိုင်ခွင့်ဆိုင်ရာ မိတ်ဆက်စာပေ၊ အနုပညာမူပိုင်ခွင့်၊ ဆက်စပ်အခွင့်အရေး၊ ကုန်အမှတ်တံဆိပ်၊ ပထဝီဆိုင်ရာညွှန်ပြမှု၊ စက်မှုဒီဇိုင်းတီထွင်မှု မူပိုင်ခွင့် WIPO စာချုပ်များ မမျှတသော ယှဉ်ပြိုင်မှု၊ အပင်နှင့် ဇီဝမျိုးကွဲများ စသည့်ဘာသာရပ်များကို ဥပဒေပညာရှင်ကြီးများက သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံး၍ အွန်လိုင်းစာမေးပွဲဖြေဆို အောင်မြင်ပါက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ WIPO မှ ချီးမြှင့်သော Certificate ရရှိမည်ဖြစ်သည်။

ရန်ကုန်နှင့် မန္တလေးမြို့များတွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်သောကြောင့် တက်ရောက်လိုသူများသည် ရန်ကုန် ဖုန်း-၀၉၇၃၀၅၀၃၇၀၊ မန္တလေး ဖုန်း-၀၉ ၉၁၀၀၁၈၁၈၊ ကျိုက်လတ် ဖုန်း-၀၉၄၂၂ ၄၉၁၉၀၃ တို့သို့ဆက်သွယ်စုံစမ်းနိုင်သည်။**ကြေးမုံ**

## ရေဘေးသင့်ပြည်သူများအတွက် တနင်္သာရီတိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ပညာရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်း

**မြိတ် သြဂုတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဘုန်းတော်ကြီးသင် ပညာရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နတ်မော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဦးစီး၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှစုပေါင်း၍ ရေဘေးသင့်ဒေသများရှိ ရဟန်း၊ သီလရှင်နှင့် ပြည်သူများအတွက် အလှူငွေများ၊ အဝတ်အထည်ပစ္စည်းများကို သြဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက နတ်မော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆရာတော်၊ သံဃာတော်များက လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ပညာရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နတ်မော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဉာဏိဿရနှင့် သံသရာအေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ သုဇာတတို့က လှူဒါန်းရခြင်းအကြောင်း သြဝါဒကထာ မိန့်ကြားခဲ့ကြသည်။

ယင်းသို့ ရေဘေးသင့်ဒေသများရှိ ရဟန်း၊ သီလရှင်နှင့် ပြည်သူများအတွက် အလှူငွေ ကျပ် ၂၄၀၀၅၀၀ နှင့် အဝတ်အထည်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များကိုယ်စား အကျိုးတော်ဆောင် ဦးကျော်လွင်က လှူဒါန်းရာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက လက်ခံရယူပြီး ရေဘေးသင့်ဒေသသို့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်ခရိုင် ပြန်/ဆက်)**

## ဝန်ထမ်းများသက်သာချောင်ချိရေး တစ်ဦးလျှင် ချေးငွေ ခြောက်သိန်းထိ တိုးမြှင့်ဆောင်ရွက်

**ကျုံပျော် သြဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သမဦးစီးဌာနရုံးတွင် သြဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက ရုံးပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းဝေး ကျင်းပခဲ့ရာ ဝန်ထမ်းတစ်ဦးချင်း၏ စုဆောင်းငွေအပေါ်မူတည်၍ အမြင့်ဆုံးငွေကျပ် ခြောက်သိန်းအထိ ထုတ်ချေးပေးမည်ဖြစ်သည်။

လက်ရှိ ချေးငွေ အပေါ်တွင်အတိုး နှစ်ကျပ်နှုန်း၊ စုဆောင်းငွေအပေါ်တွင် အတိုးတစ်ကျပ်နှုန်း ဆောင်ရွက်ပေးထားပြီး ရန်ပုံငွေ တောင့်တင်းလာမှုအပေါ် မူတည်၍ ချေးငွေအပေါ်တွင် အတိုးနှုန်းကို(၁ ကျပ် ၅၀ ပြား) သို့ လျှော့ချဆောင်ရွက်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေဖြင့် အသင်းတွင်ဌာန ၁၅ ခုမှ ဝန်ထမ်း ၂၄၆ ဦး အသင်းသားအဖြစ် ဝင်ရောက်၍ငွေစု၊ ငွေချေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး၊ ပြင်ပတွင် ချေးယူရသောငွေထက် အတိုးနှုန်းများစွာ သက်သာအောင် ဆောင်ရွက်ပေးခြင်းဖြင့်ဝန်ထမ်းများအတွက် ရှေးရှုလုပ်ဆောင်ပေးလျက်ရှိသည်။

**နေဝင်းမြင့် (ပြန် /ဆက်)**



## စွန့်ပစ်ပစ္စည်းဖြင့် ဥယျာဉ်ငယ်ပြုလုပ်ခြင်းသင်တန်း ချမ်းမြသာစည် အ.ထ.က(၂၆)တွင် ဖွင့်လှစ်

**မန္တလေး သြဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဖွင့်လှစ်သော စွန့်ပစ်ပစ္စည်းများဖြင့် ဥယျာဉ်ငယ်ပြုလုပ်ခြင်းသင်တန်းကို သြဂုတ် ၂၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မြတ်ငွေ၊ ဥက္ကဋ္ဌ ဒေါ်စုစုလွင်နှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်မူလတန်းကြိုကျောင်းများမှ တာဝန်ခံများ၊ ကိုယ်ပိုင်ကျောင်းများနှင့် မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းကျောင်းများက တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက Reduce၊ Reuse၊ Recycle (R သုံးလုံး)စနစ်ဖြင့် အမှိုက်များစွန့်ပစ်ခြင်းကို ရှင်းလင်းပြောကြားပြီး စွန့်ပစ်ပစ္စည်းကားတာယာအဟောင်းများကို ပြုပြင်၍ အလှပန်းပင်များ၊ စားသုံးသီးပင်များ လက်တွေ့ စိုက်ပျိုးသရုပ်ပြခဲ့သည်။

အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝင်းအတွင်း၌ စွန့်ပစ်ပစ္စည်းများဖြင့် လက်တွေ့ပြုလုပ်နေမှုကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**သီဟကိုကို(မန္တလေး)**



## ကျောင်းကျန်းမာရေးစစ်ဆေးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မောက်မယ် ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် မိုက်ညုစင်ကျေးရွာ မူလတန်းကျောင်း၌ ကျောင်းကျန်းမာရေး စစ်ဆေးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဦးဆောင်ပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုက်ညုစင်ကျေးရွာ ကျောင်းသား၊ ကျောင်းသူ ၈၇ ဦးအား တစ်ကိုယ်ရေသန့်ရှင်းမှုစစ်ဆေးခြင်း၊ အရပ်တိုင်းတာခြင်း ၊ ဗီတာမင်(အေ)တိုက်ကျွေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများပြုလုပ်ကာ လိုအပ်သည့်ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခဲ့ပြီး သွားပိုးစားသောကလေးသူငယ် ၁၄ ဦးအား မြို့နယ် သွားဆရာဝန်ဒေါက်တာနန်းမေမိုးမိုးစံက သွားများနုတ်ပေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် စားသုံးသင့်သည့် ကျန်းမာရေးနှင့်ညီညွတ်သော အစာအာဟာရအုပ်စု သုံးစုအကြောင်း ပညာပေးဟောပြောခဲ့သည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**

ဖတ်စရာ

## စက္ကူပန်းမျိုးကို ယိုးဒယားမျိုးနှင့်ကိုင်းကူး ပျိုးထောင်ရောင်းချခြင်းများ တွင်ကျယ်စွာပြုလုပ်လာ

à တိမ်တမန်

သစ်ပင်စိုက်ပါ ဤကမ္ဘာ သာယာလှပစိမ်းမြမြဟုဆိုကာ လှပသောကမ္ဘာဖြစ်ရေး သတိပေးရေးသားထားသည်။ လူတစ်ဦးစီတာဝန်သိစွာ သစ်ပင်တစ်ပင်နှုန်းစိုက်ပါက ပျက်စီးနေသော သဘာဝဂေဟစနစ်ကို ပြန်လည်ထိန်းသိမ်းနိုင်သည်ဟုဆိုထားသည်။ လက်ရှိကာလတွင် လူသားတို့၏ လောဘနှင့် သစ်တောသစ်ပင်ပြုန်းတီးမှုများသည် ရာသီဥတုကို ဖောက်ပြန်စေပြီး လူနှင့်ပတ်ဝန်းကျင်ကို ပြန်လည် ဆိုးကျိုးပေးနေပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သစ်တောသစ်ပင်များပြုစုပျိုးထောင်ရေးကို ပြုလုပ်နေကြသည်။

သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုးဟုပင် ဆိုထားသည်။ လက်တွေ့သဘောအရ သစ်ပင်စိုက်ပျိုးသူမှာ ကိုယ်တိုင်စိုက်ပျိုးထားသော သစ်ပင်ကို ရှင်သန်ကြီးထွားစေရေးအတွက် ရေလောင်းခြင်း၊ ပေါင်းနုတ်ခြင်း၊ ပေါင်းဆွခြင်းမှအစ အရိပ်တကြည့်ကြည့် ပြုလုပ်နေရသည့်အတွက် စိတ်၏လန်းဆန်းကြည်နူးမှုကို ရရှိစေသည်။

မြန်မာနိုင်ငံတွင်လည်း ကြိုးဝိုင်းသစ်တောများထိန်းသိမ်းခြင်း၊ အစိမ်းရောင်မြို့တော်ဖြစ်အောင် စိုက်ပျိုးခြင်း၊ အကြီးမြန်သစ်ပင်စိုက်ပျိုးခြင်းများကို ပြုလုပ်လာကြသည်။ သစ်ပင်စိုက်ပျိုးမှုကို အစုအဖွဲ့လိုက်လုပ်ခြင်း၊ တစ်ဦးတည်းပြုလုပ်ခြင်းများနှင့် ပရဟိတအသင်းများမှ ဦးဆောင်ကာ စိုက်ပျိုးခြင်းများ ပြုလုပ်လေ့ရှိသည်။

အထူးသဖြင့် အထိမ်းအမှတ်သစ်ပင်စိုက်ပွဲကလေးများမှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်နေသည်။အိမ်တိုင်းတွင်ပန်းအိုးစိုက်ထားမှုများမှာလည်း တင့်တယ်လှသည်။

မန္တလေးမြို့ ပတ်ဝန်းကျင်တွင် နေအိမ်များတွင် အလှဆင်စိုက်ပျိုးနိုင်ရန်အတွက် ပျိုးဥယျာဉ်ခြံများစွာ ပျိုးထောင်ရောင်းချပေးလျက်ရှိသည်။

တန်ဖိုးနည်း နှင်းဆီပန်းပင်များမှစတင်ကာ တန်ဖိုးမြင့် ဘွန်ဆိုင်းပန်းအိုးများသက်တမ်းရင့် သစ်ပင်ကြီး ပန်းအိုးများကို ပျိုးထောင်ရောင်းချကြသည်။ ထိုအပင်များထဲတွင်စက္ကူပန်းပင်ပန်းအိုးများလည်း ပါဝင်သည်။ စက္ကူပန်းပင် ပန်းအိုးတွင် မူလက ရိုးရိုးစက္ကူပန်းများသာ စိုက်ပျိုးပြီး နောက်ပိုင်းတွင် ယိုးဒယားမျိုးနှင့် ကိုင်းဆက်ကိုင်းကူးနည်းဖြင့်ကူးကာ လှပအောင်ပေါင်းစပ် ပျိုးထောင်လေ့ရှိသည်။

အပင်ပုံသဏ္ဌာန်ကိုလိုသလို ပြုလုပ်ပြီးသည်နှင့် ယိုးဒယားစက္ကူပန်းမျိုးကို ကိုင်းဆက်ကာ တိတ်ပတ်ခြင်း၊ စက္ကူဖြင့်ကာခြင်း၊ မိုးဒဏ်လေဒဏ်ခံနိုင်ရန် ပလတ်စတစ်အုပ်ခြင်းတို့ ပြုလုပ်ကြသည်။ ၇ ရက်မှ ၁၀ ရက်အတွင်း အတက်ထွက်လာလေ့ရှိသည်။ ယိုးဒယားစက္ကူပန်းမျိုးဖြင့် ကိုင်းကူးပါက အရွက်ဖြူကျား ထွက်ကာ အပွင့်အဖြူနှင့် မရမ်းရောင်တို့ပွင့်သည်။ လက်ရှိကာလတွင် ကိုင်းဆက်မျိုးကူးထားသော စက္ကူပန်းအိုးများတွင်ကျယ်စွာ ပျိုးထောင်ရောင်းချလျက်ရှိကြောင်းသိရသည်။

## ကန်ကြီးထောင့်မြို့နယ် ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပစ္စည်းနှင့်အလှူငွေများလာရောက်လှူဒါန်း

**ကန်ကြီးထောင့် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပေါ် အမှတ်(၁)ရပ်ကွက်၊ ကမ်းနားလမ်းနှင့် မြစ်ကမ်းပါးရှိ ကျေးရွာအချို့တွင် လူနေအိမ်များ ရေဝင်နစ်မြုပ်ခဲ့သည်။

အဆိုပါ ရေဘေးသင့်ပြည်သူများသို့ ဩဂုတ် ၁၉ ရက်တွင် ရွှေသံလွင် နာရေးကူညီမှုအသင်း (လားရှိုးမြို့၊ ရှမ်းမြောက်) မှ အလှူရှင်များက ဆန်အိတ် ၇၀၊ ၅၀ သားရှိ စားဆီ ၇၂ ဘူး၊ ငါးသေတ္တာဘူး ၄၀၀၊ ခေါက်ဆွဲ ဖာ ၁၀၀၊ လက်ဘက်ထုပ် ၁၀၀၊ ရေပုံး ၅၁ ပုံး၊ အဝတ် ၄၀၀ ထည်၊ ဆပ်ပြာမှုန့်အထုပ် ၄၀၀၊ ရေသန့်ခုနစ်ကတ်အား လာရောက်လှူဒါန်းခဲ့သည်။

ယင်းဒေသသို့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ အမျိုးချစ်သူများအဖွဲ့က ဓမ္မသုခ ဓနုဖြူကျောင်းတိုက်တွင် ကန်ကြီးထောင့်မြို့ပေါ် အမှတ်(၁) ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းသို့ မရောက်ရှိသော်လည်း ကမ်းနားရေဝင်နေအိမ် ၄၅၈ လုံးအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ စီဖြင့် ငွေကျပ် ၄၅၈၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူစွာ 'အသောက' ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှုအသင်းက မတော့ ကုန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကျေးရွာအထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ရန်ကုန်မြို့ မြန်မာလေယာဉ်မောင်၊ လေယာဉ်မယ်များအဖွဲ့မှ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရေသန့်စက် တစ်လုံးအားလည်းကောင်း၊ ရှမ်းငူကျေး ရွာရှိရေဘေးသင့်ပြည်သူများသို့ ဆန်၊ ဆီ၊ ရေသန့်၊ အဝတ်အထည်များ၊ လက်ဖက်၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာဘူးများအား ရှမ်းငူကျေးရွာအထိ အရောက်သွား၍ လှူဒါန်းခဲ့ကြသည်။

**မြို့နယ်ပြန်/ဆက်**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာဆောင်ရွက်ပေးရေးဆွေးနွေး

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီက တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ရုံးများမှ ဦးစီးဌာနမှူးများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခေတ္တတိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရုံးများ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား အခြေအနေ၊ တိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားသား ဝင်၊ ထွက် သွားလာမှု အခြေအနေ၊ မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ပေးနိုင်မှု အခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို One Stop Service အစီအစဉ်ဖြင့် ပြုလုပ်ပေးရန် စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ဦးစီးဌာနမှူးများက



လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်နေမှုကို ဆက်လက်ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးက ဌာနပိုင်မြေနေရာများ ဂရန်အမြန်ဆုံးရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ပြည်သူလူထု ယုံကြည်အားကိုးသောဌာနဖြစ်ရေး ကြိုးစားဆောင်ရွက်ရန်၊ ပြည်သူများ လာရောက်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

## ပျိုရွယ်သူ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရမည်းသင်း ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအနော်ရထာခန်းမတွင် ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး မိခင်နှင့် ကလေးရေးအသင်းမှ ပျိုရွယ်သူ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်စုစုလွင်က အမှာစကားပြောကြားပြီး ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီကျော်က လက်ခံရယူကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယင်းနောက်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် ကျောင်းသားမိဘပညာပေးဟောပြောပွဲကိုကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရမည်းသင်းမြို့နယ်တာဝန်ခံ ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ်အောင်ဇော်မင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်းကောင်း၊တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်စန္ဒာအောင်နှင့် ဒေါက်တာဒေါ်မိုးမိုးတို့က ကျန်းမာရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ခင်စန္ဒာက ပျိုရွယ်သူ ကျန်းမာရေးဆိုင်ရာများကိုအသိပညာပေးဆွေးနွေးပြီး ကျောင်းသား၊ ကျောင်းသူများကို ဆွေးနွေးဝိုင်းများဖွဲ့ကာ ကျန်းမာရေးဆိုင်ရာခေါင်းစဉ် HIV၊ AIDS၊ ကျန်းမာစေရန်အစာအုပ်စု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစသည့်အချက်များကို ဆွေးနွေးကြရာ ကျောင်းသား၊ ကျောင်းသူများကို ဆုအဖြစ် ကျောင်းသုံးဗလာစာအုပ်နှင့် ကွန်ပါဘူးများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

## ၂၀၁၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ တောင်သူများထံ ထုတ်ချေး

**သရက် ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးဆောင်ရွက်ပေးခြင်းကို မေ ၂၇ ရက်မှဩဂုတ် ၂၀ ရက်အထိ သရက်မြို့နယ်အတွင်းရှိ အဖွဲ့ဝင်တောင်သူ ၆၉၆၀ ကို စုစုပေါင်း စိုက်ဧက ၂၇၁၉၂ ဧက အတွက် ထုတ်ချေးငွေ သိန်း ၁၄၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာထံမှ သိရသည်။

အဆိုပါ မိုးစပါးချေးငွေများအား သရက်မြို့နယ်အတွင်းရှိ ကျေးရွာ ၅၄ အုပ်စုမှ တောင်သူများအား အစုအဖွဲ့ ၂၃၇၄ ဖွဲ့၊ အဖွဲ့ဝင်တောင်သူ ၆၉၆၀ တို့အား စပါး ၁၀၈၂၇ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှင့် အခြားသီးနှံများမှာ မြေပဲ ၃၃၃ ဧက၊ နှမ်း ၁၂၀၂၄ ဧက၊ ပဲတီစိမ်း ၂၆၀၅ ဧက၊ ပဲစင်းငုံ ၁၄၀၃ ဧကတို့အတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် အဖွဲ့ဝင်တောင်သူ ၆၉၆၀ အတွက် သိန်း ၁၄၁၀၀ ကို မိုးစပါးချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ပြီး စိုက်ပျိုးစရိတ် ချေးငွေအပေါ် အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်ပြီး ငွေတစ်ရာကျပ်အပေါ် တစ်လအတိုးနှုန်းမှာ ၄၂ ပြားသာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် သစ်ပင်စိုက်ပျိုးပွဲပြုလုပ်

**ပင်းတယ ဩဂုတ် ၂၂**

သဘာဝရေသယံဇာတများနှင့် သစ်တောများ ရေရှည်တည်တံ့စေရန်နှင့် ရာသီဥတုမျှတစေရန် ရည်ရွယ်၍ ရှမ်းပြည်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မိုင်းလီကျေးရွာရှိ ပြည်လုံးချမ်းသာစေတီဝင်းအတွင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးထူးကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ အင်အား ၄၀၀ တို့က သစ်ပင်မျိုးစုံ၁၅ မျိုး၊ ပျိုးပင် ပေါင်း ၉၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရသည်။ **ခင်မျိုးနွယ်(ပြန်/ဆက်)**

ကြော်ငြာ

**သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၅၁-ကြိမ်မြောက် (စက်တင်ဘာလ ၁၂၊ ၁၃)အလင်းဒါနပြုလုပ်ပါမည်**

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ တပည့်ဖြစ်သူ ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်မှု၊ မျက်စိအထူးကုပါမောက္ခ(ငြိမ်း) Dr. Mya Aung ကြီးကြပ်မှုနှင့် အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ၌ ဩဂုတ်လ(၁၅)ရက်၊ (၅၀)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၁၀၀၀၀)ဦးတို့အား စစ်ဆေးကုသခြင်းနှင့် (၆၄၃၀)ဦးအား ခွဲစိတ်ကုသအလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ စက်တင်ဘာလ(၁၂၊ ၁၃)ရက်များတွင် ဦးရေ(၆၅၆၀ ပြည့်) (၅၁) ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ရာ ဩဂုတ်လ (၂၉)ရက် တစ်ရက်တည်းသာ နံနက်(၇)နာရီမှစ၍ စာရင်းသွင်းလက်ခံမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကဆံစုပါဝင်း၊ တာမွေလေးသဲလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ စက်တင်ဘာလ ၁၂-၁၃၊ (၅၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဩဂုတ်လ(၁၅)ရက် (၅၀)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၄၃၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ စက်တင်ဘာလ (၁၂၊ ၁၃)ရက်တွင် ၅၁-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန – သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ ရန်ကင်း၊ (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သဲလမ်းအနီး) ဖုန်း– ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေပုံတိုင်ကမ္ဘောဇဘဏ် အခွင့်စေတနာသိန်းငွေစာရင်း (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်သန်း၏ ၂၃-၈-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံပြီး လောကီ၊ လောကုတ္တရာကောင်းကျိုးအဖြာဖြာကို အောင်မြင်စွာ သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

RAY SHIPPING ENTERPRISE Co.,Ltd မှ GM၊ မန်နေဂျာနှင့် ဝန်ထမ်းများ၊
သပြေမင်း အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီမှGM ၊ မန်နေဂျာနှင့်ဝန်ထမ်းများ
မြန်မာ့ရောင်ခြည် (အိမ်၊ ခြံ၊ မြေ)ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်မှ မန်နေဂျာနှင့် ဝန်ထမ်းများ







အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန်
အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

# ဖိတ်ကြားအပ်ပါသည်
## မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း

myanmar Retailers association

မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း (၂) နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် "Expending Retail Business" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် လက်လီလုပ်ငန်း လုပ်ကိုင်နေကြသော လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ အားလုံးနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ ဟောပြောဆွေးနွေးပွဲကို အောက်ပါခေါင်းစဉ်များဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

Key Notes Speech
Professor Dr. Aung Tun Thet

အဖွဲ့လိုက်ဆွေးနွေးခြင်း

၁။ Franchise Business Model နှင့် ပတ်သက်၍ အခွင့်အရေးနှင့် စိန်ခေါ်မှုများ
ဦးဆောင်ဆွေးနွေးသူ- ပါမောက္ခ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်

၂။ လက်လီလုပ်ငန်းများအတွက် ငွေကြေးအထောက် အပံ့ ရရှိနိုင်မည့် နည်းလမ်းများ
ဦးဆောင်ဆွေးနွေးသူ- ဦးသူရကို (မန်နေးဂျင်းဒါရိုက်တာ, YGA Capital Ltd)

၃။ လက်လီလုပ်ငန်းများအတွက် အရေးပါလာမည့် နည်းပညာများနှင့် အင်တာနက် ဈေးရောင်းချမှု အခွင့်အလမ်းများ
ဦးဆောင်ဆွေးနွေးသူ - ဒေါက်တာထွန်းသူရသက် (မန်နေဂျင်းဒါရိုက်တာ, MIT)

လူဦးရေကန့်သတ်ထားပါသောကြောင့် 25.8.2015 နောက်ဆုံးထား၍ MMRA ဖုန်းနံပါတ်များသို့ တက်ရောက်မည့်သူအမည်၊ ဖုန်းနံပါတ် ကို ကြိုတင်စာရင်းပေးသွင်းပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

နေ့ရက် - 26.8.2015
အချိန် - မွန်းလွဲ 1 နာရီမှ 5 နာရီ ထိ
နေရာ - Myanmar Convention Center (MCC) မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်။
စာရင်းပေးသွင်းရန် - 09 314 22 555
09 314 22 777
e-mail: info@mramyanmar.com

FAME
အရိုးများကြံ့ခိုင်သန်မာဖို့အတွက်
Osteomax®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011384 (0615)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

FAME
အဆစ်အမျက် အားဖြည့်ဖို့အတွက်
Arthrotec®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011382 (0615)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

WEBS
IELTS,
4 Skills,
Business English
➤ သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။ သင်ကြားသည့်ဆရာ-ဆရာနိုးခင်းနိုင်သည်
➤ အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။
အင်္ဂလိပ်စာသင်တန်းများ
095151398 လှည်းတန်း။




ရွှေကန့်ကော်
ပိုးထည်တိုက်

လွန်းရာကျော်ကြီးကြီး၍တံ့ပဲလိုလို
ကွန်ပျူတာပန်းထိုးဒီဇိုင်းဆန်းပဲလိုလို
ဈေးရေး၍တံ့ပဲလိုလို
အင်းလေးပိုးခင်းမယ်ပဲလိုလို
နိုင်ငံခြားဖြစ်ပွဲဆိုင်အာပဲလိုလို
အကျီအရောင်တိုက်ဖို့ပဲလိုလို
ပဇူည်းနှုံ၊ ဒီနိုင်းဆန်း၊
အကျီပိုးစအရောင် ၅၀၀ ကျော်နှင့်၊
ပဇူည်းမှန်၊ဈေးနှုန်းမှန်ကန်စိတ်ချရသည့်
မြန်မာပြည်၏တစ်ခုတည်းသော
ပိုးထည်တိုက်။

MANAGED BY
BEST GUIDING STAR CO.,LTD

အမှတ် - ၁၆၁၊ အနော်ရထာလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း - ၀၁-၂၄၃၅၆
အမှတ် - ၁၂၅ - စီးအေးအမြန်လမ်းထိပ်မှ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း - ၀၉ -၇၃၀၃၀၅၆၅
အမှတ် - ၄၇၅၊ ပြည်လမ်း (၈) မိုင်ကွက်၊ နနတ်တောလမ်းအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း - ၀၁-၅၂၃၀၁၉
အမှတ် - ၇၀၊ ၇၈လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ပလာဇာအနီး၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး၊ ဖုန်း - ၀၂-၂၄၃၅၆
www.shwekantkaw-silk.com,www.Facebook.com/ShweKantKawSilk

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING





Side View
Front View









Plan View
Front View

TPW
No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ကြော်ငြာ


တစ်မိနစ်
၂၉
ကျပ် ဆိုတော့ အရင်ထက်
ဖုန်းပိုပြောနိုင်ပြီပေါ့
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ဆွေသဟာသုံးစွဲသူများ နှင့် CDMA သုံးစွဲသူများအတွက် ဖုန်းပြောဆိုခ နှုန်းအသစ် ဖြစ်ပါသည်။
ဆွေသဟာကိုရယူရန် "SWE" ဟုရိုက်၍ 1332 သို့ အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Hot Line No-0930500100

# ဘီလူးချောင်း အမှတ် (၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်လှစ်



လွိုင်ကော် ဩဂုတ် ၂၂

ကယားပြည်နယ်အတွင်းရှိ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ အရှေ့တောင်ဘက် ၁၃ မိုင်ခန့်အကွာ ဘီလူးချောင်းနှင့် ပွန်ချောင်းဆုံရာအနီးရှိ အဆိုပါဓာတ်အားပေးစက်ရုံ ယာယီမဏ္ဍပ်၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အနာဂတ်စွမ်းအားကုမ္ပဏီအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

## ယနေ့ မာတိကာ

**ရန်ကုန်မြို့တွင် ယာဉ်မရပ်ရလမ်းပေါင်း ၁၀၄ လမ်းအထိ သတ်မှတ်ထား**

စာမျက်နှာ - ၂

**အဲချိုင်းနားလေကြောင်းမှ အာရှခရီးစဉ်သစ်လေးခု ပျံသန်းမည်**

စာမျက်နှာ - ၄

## ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားခဲ့ရသော်လည်း မန်ယူတို့ အိမ်ကွင်း၌ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရ



ပရီမီယာလိဂ်ပွဲစဉ်(၃)၏ စနေနေ့ညအစောပိုင်းပွဲစဉ်တစ်ပွဲဖြစ်သည့် မန်ယူအသင်းနှင့် နယူးကာဆယ်အသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းကြောင့် မန်ယူအသင်းသည် အိမ်ကွင်း၌ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် ရွန်းနီ၊ ဒီပေး၊ ဂျာနျူဇက်၊ မာတာ၊ ရှဝိန်းစတိုင်ဂါ၊ ရှနိုက်ဒါလင်၊ လုရှော၊ ဘလိုင်း၊ စမောလင်း စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲချိန်ပြည့်နီးပါး ဧည့်သည် နယူးကာဆယ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း အိမ်ကွင်းတွင် သရေပွဲသာဖြစ်ခဲ့သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁)နှင့် ပွဲစဉ်(၂)တို့တွင် နိုင်ပွဲများရရှိထားခြင်းကြောင့် လက်ရှိတွင် ရမှတ် ခုနစ်မှတ်ရရှိထားပြီး သုံးပွဲကစားအပြီးတွင် ရှုံးပွဲမရှိသေးပေ။ ချန်ပီယံလိဂ်ဝင်ခွင့်ပြိုင်ပွဲတွင်လည်း ပထမအကျော့တွင် ဘရူဂျီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ မန်ယူအသင်းသည် ဩဂုတ် ၂၇ ရက်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ပွဲစဉ်၏ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘရူဂျီအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**

လူသားအားလုံးအကြောပြေဖို့ ထွန်းရွှေဝါ ကိုလိမ်းကြစို့။
ထွန်းရွှေဝါ အကြောပြေဒက်ကြေလိမ်းဆေး။

themirror.npt@gmail.com
www.facebook.com/themirrordaily